အောင်မြင်စာပေ

နှင်းဆီနီ

ချင်နှင်ဝိုး





➢ နေသည်
အရေးက ထွက်၍
အနောက်သို့ ဝင်သည်။
သဘာဝတရားကြီးဖြစ်၏
ဖြစ်မြဲထုံးစံဖြစ်သည်။

➢ ဆိတ်ငြိမ်ခြောင်းဆန်ရပ်ကွက်ထဲက
သူ့အိမ်ကလေးထဲကိုတော့...
နေသည်
အနောက်က ဝင်၍
အရေးက ထွက်သွားလေသည်။
သူ့အိမ်က အရေးကို ဖင်ပေး၍
ခပ်ကွေးကွေး ဆောက်လုပ်ထားသောကြောင့် ဖြစ်ပါသည်။

အခန်း(တစ်)

ဆိတ်ငြိမ်ဖြောင်းဆန် ရပ်ကွက်ကလေးသည် ဝါးကနဲ သမ်း၍ မလန်းမဆန်း နိုး လာလေသည် ။ ရပ်ကွက်သူ၊ ရပ်ကွက်သား အပေါင်း သည် ပြီးခဲ့တဲ့ ညဟာ စနေညဖြစ်၍ ပရီးမီးယား၊ အက်ဖ်အေနှင့် ကမ္ဘာမြေပေါ် ကန်သမျှဘောပွဲတွေ သွန်းရ၊ လောင်းရခြင်း (အောင်စေကြောင်း ညောင်ရေလောင်းပေါ့)၊ တန်ဆောင်တိုင် နီးပြီမို့ လမ်းထိပ်တိုင်း လိုလိုမှ ကထိန်မဏ္ဍပ်တွင် သုံးပုဒ် ငါးရာနှင့် ကာရာအိုကေ အပြိုင်ဟဲရခြင်း စသော ဝေဝစ္ဆ၊ ကာကီယ၊ သုခ၊ ဒုက္ခများကြောင့် အိပ်ချိန်အပြည့် မမှီဝဲခဲ့ ကြရခြင်းဖြစ်သည် ။

ထို့ကြောင့် မော်ဒန်ကဗျာဆန်ဆန် ဖွဲ့ဆိုရလျှင်...တနင်္ဂနွေ မနက်ခင်း သည် မျက်တွင်းနည်းနည်းချောင်နေခြင်း ဖြစ်ပါသည် ။

အနှီဆိတ်ငြိမ်ဖြောင်းဆန် ရပ်ကွက်ထိပ် ဘတ်စ်ကားဂိတ်အနီးမှာတော့ အိပ်မှုန်နိုးထခါစ ပိတောက်ဝါကဖီးက မီးဖွားတစ်လွင့်လွင့်ဖြင့် လွင့်ပျံအသက်ဝင်လာနေလေပြီ။ လွင့်ကနဲ...လွင့်ကနဲ...

ထူပိန်းနှင်းပြင်ထဲ...

မီးပွားကလေး...လုံးပါးသွား

လုံးကနဲပါးသွား...။ အင်း...

နှင်းများ တော့ မီးရှုံးသွား...

(ဟိုးထား...စကားပြေရေးမလို့ ဟာ...ချောင်တစ်ချောင်ကနေ ကဗျာအတွေးက ဝင်လာသေး။)

သင်သည် ဘတ်စ်ကားနှင့် ဝီးကနဲ ပိတောက်ဝါကို ဖြတ်သွားရုံနှင့် ပင် ဆိုင်ထဲတွင် ပြူးကနဲ ဝေနေယျာတစ်ဦးကို မြင်နိုင်ပါ၏။

ဆိုင်၏ ဘယ်ဘက်ထောင့် ရေတမာပင်ပျိုအောက်က စားပွဲကို ကန် ထရိုက်ဆွဲ၍ ထိုင်နေသည့် ပေါင်(၂၂၀)ခန့် ရှိသော ခန္ဓာကိုယ်ပေါ်က လ ည်ပင်းတုတ်တုတ်ခိုင်ခိုင်ကြီး၊ သွားရဲရဲကြီးနှင့် ပုဂ္ဂိုလ်ကြီးက သင်သတိ မထားဘဲ မနေနိုင်အောင် ဆွဲဆောင်ပါလိမ့်မည်။

သူ့ခန္ဓာကိုယ်နှင့် လိုက်ဖက်စွာ ဝင်းကနဲ ထင်းကနဲ မြင်နိုင်သော ငါး ကျပ်သား အပြားခတ်ထားသော ရွှေဆွဲကြိုးက သူ၏ လည်ပင်းကို တွဲ လောင်းခို၍ တီရှပ်ရင်ဘတ်ပေါ် ကျနေမည်။ ထို့အတူ သူ၏ ဘယ်ဘက် လက် လက်ကောက်ဝတ်မှ အပြားလိုက် ပတ်ထားသော ရွှေလက်ကော က် က တောက်စားနေမည်။ ပလက်တီနမ်နှင့် စပ်ထားသော (ဘယ်ဘ က်နားကို ကျွဲမျှော့တစ်ကောင်လို ပတ်စုတ်နေသည့်) နားကပ်က အဝင်း လက်ဆုံး ဖြစ်သည် ။

တီရှပ်မျိုးစုံ၊ ဘောင်းဘီတို ဒီဇိုင်းမျိုးစုံကို ဝတ်တတ်သော၊ ဆံပင် တို ကပ်ကပ်ကို တစ်ပတ်တစ်ခါ ဖြူတီပါလာတွင် ညှပ်၍ လေးပတ်တစ်ခါ မျက်နှာဆေးတတ်သော၊ ခင်မင်လေးစားအားကိုး(အချဉ်ဖမ်း)ချင်စဖွယ် အပြုံးကိုလည်း ပိုင်သသော ထိုဝေနေယျာကြီး စောစောစီးစီးပင် ရေတ မာ ပင်အောက်က သူ၏ သလွန်ညောင်စောင်းသို့ ရောက်ရှိနေသော အကြောင်းကလည်း ရှိပါသည် ။

ဟုတ်ကဲ့...ညက မောင်းပေါက်သည် ။

ရှစ်မောင်းစလုံး အောင်သည် ။

''ဟလို...ကိုတာတီး စောစောစီးစီးပါလား!''

''သိဒ္ဓတ္ထမင်းသားတောင် ဝီရိယကြောင့် ဗုဒ္ဓသကျမုနိ ဖြစ်လာတာလေ အုံနာရဲ့ ၊ ဟဲ...ဟဲ...ဘယ်လိုလဲ အုံနာ!...ညက ဘယ်လိုလဲ!''

''ရှူး...တိုးတိုး...ဟိုမယ် ကျွန်တော့်ဘောစိ လာနေတယ်''

ဖွဲ့ဆိုခဲ့သော ဝေနေယျာကြီး၏ နာမည်အရင်းမှာ Passport အပေါ်တွင် သာ ရှိပြီး တစ်ရပ်ကွက်လုံး၏ သညာပေါ်တွင် ''ကိုတာတီး'' ဟု သာ သိကြလေသတည်း။ ကိုတာတီးသည် သဘော်သား ဖြစ်သည် ။

''တကယ်ပါဗျာ...အောင်ကိုကိုအိမ် ဘယ်အိမ်လဲလို့ လမ်းထဲ ဝင်မေးရင် ခေါင်းရင်း၊ ခြေရင်းအိမ်တွေကတောင် မသိဘူး၊ တာတီးဆို ကလေးလေးကိုမေး...လက်ဆွဲပြီး လိုက်ပို့ပါလိမ့်မယ်၊ တစ်ခါတစ်ခါ အောင်ကို ကို ဟော့ကောင်လို့ ခေါ်သံကြားရင် ကိုယ့်ကို ခေါ်တယ်မထင်လို့ လှည့်တောင် မကြည့်မိဘူး''

(ဟဲ့!...နင့် မွေးသမိခင် ကျေးဇူးရှင်အရင်း ခေါ်နေတာဟဲ့..)

(ထင်သား...ဒီအသံရှင်နဲ့ ရင်းရင်းနှီးနှီးပါလို့ ..)

ဟူသတည်း...သဘော်စီးသော သူနာမည်က ''အောင်ကိုကို'' ဖြစ်ပါသတည်း။ အုံနာဟု ကိုတာတီး အခေါ်ခံရသူမှာ ပိတောက်ဝါ ကဖီး ပိုင်ရှင်ဖြစ်ပြီး အရပ်ရှည်ရှည်၊ ကိုယ်ထည်ပြည့်ပြည့်၊ ဗိုက်ပြည့်ပြည့်၊ သဘောထားပြည့်ပြည့် ရှိသူဖြစ်သည် ။ ထို့အပြင်...

''ဘောစိလာနေတယ်'' ''ရှူးတိုးတိုး'' နှင့် ''ညက ဘယ်လိုလဲ!'' သတင်းဖောင်ပိတ်သွားရခြင်းမှာ ကား...

ဘောစိဆိုသည် မှာ အုံနာကြောက်ရသော ခင်ပိတောက် ဖြစ်ပြီး အုံနာက ဘောလုံးပွဲ ခိုးလောင်းထားခြင်းကြောင့် ဟု ဆိုလျှင်...ကိုတာတီးနှင့် အုံနာ စကားပြောခန်းဖြစ်သော ဟိုးအထက်က ကွန်ပါဇေးရှင်းလေး

ကို ဖြေရှင်းပြီးဖြစ်မည် ထင်ပါသည် ။

ဘောစီ (ခေါ်) ခင်ပိတောက်သည် ...လိုအပ်လာလျှင် မျက်နှာ ကို ရှစ်ခေါက်ချိုးပြီး အော်လိုက်၊ ငေါက်လိုက်တာတောင်...မျက်နှာမှာ မေတ္တာတရား၊ အကြင်နာတရားက ပျောက်မသွားဘူး။

အုံနာနဲ့ စားပွဲထိုးတွေကတော့ တစ်ကယ်ကြောက်တာလား!... ကြောက်ချင်ယောင် ဆောင်တာလားမသိ။ ပျာယာခတ်ပြကြသည် ။

(စာရေးဆရာကတော့ မကြောက်ပေါင် သူငေါက်နေတာ သူ့ မျက်နှာနဲ့ မှ မလိုက်တာ...လုပ်ဟောက် လုပ်ငေါက်ကြီး ဟာကို) ဒေါ်ခင်ပိတောက်သည် ထမင်းချက်၊ ဟင်းချက်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲချက် အလွန်ကောင်းသည့် အပြင် အသုတ်မျိုးစုံ၌ လည်း လက်ဆိပ်ထက်လှသဖြင့် ပိတောက်ဝါ၏ အသက်သည် သူမ(ကြီး)၏ လက်တွင် ရှိသည် ဟု ဆိုက ပိုမည်မထင်ပါ။ တစ်ပွဲနှင့် လက်လုပ် လက်စားတွေ ဝ,ပြဿားအောင် လည်း ရက်ရောသည် ။ သူ့ပွဲပြင်ပန်းကန်သည် စေတနာ မို့မို့မောက်မောက် ရှိနေတတ်သည် ။

ပိတောက်ဝါ၏ နှစ်သက်စဖွယ် အကွက်လေးများမှာ ..လက်ဖက်ခြောက်အကောင်းစား ထည့်ထားသော ဓာတ်ဗူးများကို စားပွဲထိုးလေးများက ငါးမိနစ် တစ်ခါလောက် လာလာကိုင်ကြည့်နေခြင်းဖြစ်သည် ။

ဧည့်သည် က ရေနွေးတောင်းသံများ အုံနာ ကြားလိုက်ရလို့ ကတော့ ထိုစားပွဲထိုး အငေါက်ခံရပြီသာ မှတ်ပေရော့။

ရုယ်တစ်ခွက်နှင့် တစ်နေကုန် စစ်တုရင် လက်စွမ်းထက်နေသော ကိုသန်းဌေး(ကြောင်)နှင့် အဖွဲ့သည် လည်း ရေနွေးကြမ်း တစ်ခွက်ပြီး တစ်ခွက်အပြင် အနှီရေနွေးနှင့် ပင် ကွမ်းသွေးပလုပ်ကျင်းကြသည် ကို '

ခင်ပိတောက်' ကလည်း အပြုံးမပျက်ပါပေ။

ထို့ပြင် ပိတောက်ဝါ၏ ချစ်စရာအကွက်ထဲ၌ မပါမပြီးသော ဇာတ်လိုက်ကျော်လေးများမှာ အလုပ်လုပ်ရသည် ကို အမြဲပျော်နေပုံရသော စားပွဲထိုးလေးများ ဖြစ်ပါသည် ။ ဖင်ပေါ့လိုက်သည် မှာ လည်း ...တစ်ခုခုမှာ အပြီး ဖင်ကို လှမ်းရိုက်လိုက်တိုင်း လေကိုသာ ရိုက်မိတတ်ပါသည် ။

ဆိုင်သည် သံမံတလင်းတစ်ဝက် မြေစိုက်တစ်ဝက် ဖြစ်သော်လည်း နာရီဝက် တစ်ခါလောက် တံမြက်လှည်းနေ၍ ကြမ်းခင်း ပြောင်လက်နေသည့် အပြင် ပန်းကန်ခွက်ယောက်တွေကလည်း (ကိုင်လိုက်လျှင် ကျစ်ကျစ်မြည်အောင်)ပြောင်လက်သန့်စင်နေတတ်သည် ။

အကြော်ဆရာ၊ အဖျော်ဆရာတွေပင် တစ်ခါတစ်ခါ စားပွဲဝင်ထိုး နေရပြီး အုံနာကိုယ်တိုင် ဝင်ဖျော်နေရအောင်ပင် ပိတောက်ဝါသည် အမြဲလိုလို စည်ကားသိုက်မြိုက်နေတတ်သည် ။

ပိတောက်ဝါသည် စလောင်းနှင့် သီချင်းကို စကားပြောကောင်းရုံ ချိန်ဆဖွင့်လှစ်၍ မီးမလာလျှင်တောင် အင်ဗာတာ၊ မီးစက်နှင့် ပိတောက်သည် လင်းလက်အောင် ဝါထိန်နေသည် မှာ အဆန်းမဟုတ်ပါလေတော့ ။

(အုံနာနဲ့ ဘောစိခင်ဗျား...ပိတောက်ဝါကို ဒီလောက် ကြော်ငြာ ပေးနေတာပဲဗျာ၊ စာရေးဆရာလို့ ခင်ဗျားတို့ ခေါ်တဲ့ ကျွန်တော့်ကြွေး စာရင်းလေးတော့...အဟမ်း...မေ့လောက်တဲ့ အထိ သက်တမ်းတိုး ပေးဖို့ ကောင်းပါတယ်နော) ကဲ...ဆက်ကြဦးစို့ရဲ့ ။

ဆိတ်ငြိမ်ဖြောင်းဆန်ရပ်ကွက်ထိပ်က အနှီ ပိတောက်ဝါသည် ဤရပ်ကွက်နေ မောင်ဖြောင်းဆန်၊ မောင်ဆိတ်ငြိမ်တို့ ၏ အိမ်တစ်ခြမ်း ဖြစ်နေတာရော ဘာဆန်းတော့သနည်း။

တစ်လုံးသတင်း

နှစ်လုံးသတင်း

သုံးလုံးသတင်းနှင့်

လှည်းနေ လှေအောင်း မြင်းဇောင်း(ကားဇောင်း၊ ခြုံပုတ်ဇောင်း ပါ) မကျန် သတင်းထုတ်ပြန်ရာ မီဒီယာကြီး ဖြစ်နေသည် မှာ လည်း ဘာများ ဆန်းတော့သနည်း။

အဓိကအားဖြင့် ၁၀၉..၁၁၀ များ ၊ အိမ်မှာ ကျောပူနားပူနှင့် အပျင်း ထူနေမည့် အစား...အဆူခံထိနေမည့် အစား...အလကားနေ အလကား သီချင်းနားထောင်လိုက်၊ ဘောလုံးပွဲ Replay ကြည့်လိုက်၊ ကွမ်းတဝါးဝါး Chess ကစားလိုက်၊ ဖြတ်သွားဖြတ်လာ ငေးလိုက်၊ နှစ်လုံး သုံးလုံး ပွင့်တဲ့ ဘော်ဒါတွေ ကျွေးမွေး ယုယတာကို ခံယူလိုက်၊ ဟာသတွေ ပြောလိုက်၊ ကျီစယ်နောက်ပြောင်လိုက်၊ အခါအားလျော်စွာ ဖြစ်တတ်သော ရန်ပွဲတွေထဲ ကိုယ်က ဝင်မပါချင်တောင်...ဒါ ဘယ်သူလွန်တာ ဟု အတည်ပေါက် ဂျူရီလူကြီး ဝင်လုပ်လိုက်နှင့် ...

ပိတောက်ဝါ၏ အာဝါသ,သည် ...နှစ်ခြိုက်စဖွယ် ''အမြိုက်'' ဖြစ်နေတာကော ဘာဆန်းတော့သနည်း။

ဒီကြားထဲ တွေ့သမျှလူကို လက်ဖက်ရည်တိုက် အရူး၊ မရူးတရူး၊ ကလေးပါမကျန် မုန့်ကြွေး မုန့်ဖိုးပေးလေ့ရှိသော ကျွန်ုပ်တို့ ဇာတ်လိုက်ကြီး 'ကိုတာတီး' စောစောစီးစီး...မောင်းပေါက်သည် ...တဲ့ ။ ကောင်းလောက်သည် ။

*

အခန်း(တစ်-က)

ဟော..ဟီးနိုးဘတ်စ်ကားပေါ်က ဆင်းလာတာ.. သေချာသည် ။

''ဘောက်ဖတ်ကြီး''

ကိုယ်လုံးနှင့် ဦးခေါင်းက တစ်ရွယ်တစ်စားတည်းလို ခေါင်းကြီးကြီး၊ မျက်နှာကြီးကြီး၊ အမြဲတမ်း သန့်ပြန့်ခေတ်မီသော အဝတ်အစားထဲ သူ၏ ပိုးတုံးလုံးလို ကိုယ်ကာယကြီးကို ထည့်ထည့်ထားတတ်သော ဘောက်ဖတ်ကြီး။

''ဟေ့ကောင်ကြီး...ဟီးဟီး...ငါမောင်းပေါက်တယ်ကွ၊ မင်းတို့ ကို မျှော်နေတာ...''

''ပျော်တာပေါ့...''

ထိုင်ထိုင်ချင်းပင် သူသောက်နေကျ ရှယ်ကျဆိမ့်ကို စားပွဲထိုး ကောင်လေးက လာချပြီးဖြစ်သည် ။ တစ်ချက်နှစ်ချက် မွှေရင်း...

''မှုန်လေး မနေ့က စက်ဘီးနဲ့ ကားတိုက်ခံရလို့ ဆို၊ ဘာဖြစ်သွားသေးလဲ!''

''လူတော့ ဘာမှ မဖြစ်ဘူး၊ သူ့စက်ဘီးတော့ ဆေးရုံပို့လိုက်ရဆိုပဲ''

''လူကိုတော့ ဝဒိန်ဆော်ဖို့ ဝပ်ရှော့မပို့ရတာ တော်သေးတာပေါ့ အလဲ့!...ကိုတာတီး သွားတွေ ဖွေးလို့ ပါလား!''

''ဟားဟား...မနက်ပိုင်း ကွမ်းဖြတ်ထားတယ်လေ၊ K.T.V သွားရင် ပြိုးပြစရာလေးတွေ အများး သားကွ၊ သွားတရဲရဲကြီးဆို ဘယ်လိုမှ မတင့်တယ်ဘူးလေ...အချစ်လျော့မှာ စိုးလို့ ''

ဘောက်ဖတ်ကြီး ပြိုးသွား၏။ ကိုတာတီး မောင်းပေါက်သည် ။ K.T.V သွားကဲမည်။ ဘီယာတဝတပြဲ သောက်မည်။ အီစီကလီ ဘာညာ လေး

တွေက ဘီယာငှဲ့ပေးမည်။ အမြည်းခွံ့မည်။ စုံတွဲသီချင်းဟဲမည်။

''ဘောက်ဖတ်...မင်းကို ဒီနေ့ အိမ်က ဘာခေါင်းစဉ်နဲ့ အပြင် ထွက်ခွင့်ပြုတာလဲ!''

(၂၇)နှစ်သား ဘောက်ဖတ်ကြီးကို သူမိသားစုက ကလေးဟု ပင် ထင်နေသေးသည် ။ အိမ်က ခိုင်းစရာတစ်ခုခု ခေါင်းစဉ်မရှိလျှင် အပြင် ထွက်ခွင့် မရှိမှန်း သိနေသော ကိုတာတီးက မေးလိုက်ခြင်း ဖြစ်၏။

''ဟဲ...ဟဲ...ဒီရပ်ကွက်ထဲကအိမ် မီတာဆောင်ရမယ်လေ၊ မနက်ဖြန် Last Date''

''ဒါဆို မနက်ဖြန်မှ ဆောင်ကွာ၊ ဒီနေ့ ဟိုကောင်တွေ လာရင် K.T.V သွားမယ်...''

''ဟေ့ဟေ့..အမိန့်တော်မြတ်အတိုင်းပါဖျာ့...တပည့်တော် ဘဝနဲ့ အသက်ကို ခုချိန်ကစပြီး သခင်ကြီးလက်...ဝ,ကွက်အပ်ပါတယ်''

''ဒါဆို ငါ့ခြေသလုံးကို မေးစေ့လေးနဲ့ နှိပ်စမ်း...ပါးစပ်က စိန်ခြူးကြာညောင် ဘောလယ်လေးပါဆို''

''စိန်ခြူးကြာညောင်တော့ မရပါဖျာ့၊ ဘောလယ်ချင်ရင်တော့..''

''အာ..ဟေ့ကောင်..၊ ဟိုမယ် ကားပေါ်က ကောင်မလေး တွေ ပိုင်ဆိုင်ချင်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေရှာတယ်''

ဘောက်ဖတ် လှမ်းကြည့်လိုက်တော့ သီလရှင်တွေအပြည့် တင်လာသော ဗိုက်ပူ(သစ်သားဘတ်စ်)ကား ဖြစ်နေသည် ။

''စောစောစီးစီး ဗုဒ္ဓသမီးတော်တွေကို မစော်ကားသင့်ဘူး မောင်တာတီး၊ ငရဲကြီးရှစ်ထပ် ကျိုးကပ်လိမ့်မယ်''

''အခုနက ကျောင်းကားကွ...အိမ်း...သူတို့ လည်း ကတုံး မရိတ်ခင်က ကောင်မလေးတွေပါပဲကွာ...''

''တစ်ခုသတိရလို့ ပြောပြရဦးမယ်၊ ကျွန်တော့်သူငယ်ချင်း ဘုန်းမြင့်က မယ်သီလရှင်လူထွက်ကို ယူတာလေ...''

ခုံကို ကိုတာတီးနားသို့ ဆွဲယူ၍ ကိုယ်ကိုင်းပြီး အသံနှိမ့်ကာ...

''ချစ်ကလဲကွာ လင်မယားအတူတူအိပ်ကြတာပဲ...ဘာသံ မှ လည်း မထွက်ဘူး...ကဲ...ထွက်ကွာ...ထွက်ကွာ...ဆိုတော့၊ တစ်ခွန်းထွက်လာတယ်တဲ့ ...ဟင်းဟင်း''

ဘောက်ဖတ်က နားစွင့်လာသော ကိုတာတီးကို ဘာမှ ဆက်မပြောဘဲ လက်ဖက်ရည် တစ်ငုံစုပ်ပြီး...ရပ်နေသည် ။

''ဘာထွက်လာလဲဟင်!''

''သာခုပါရှင်..သာခုပါ..သာခုပါ...တဲ့ ''

''ဟား...ဟား...ဟား...''

''ဟား...ဟား...ဟား...''

ကိုတာတီး ရေနွေးသီးအောင် ရယ်လေသည် ။

''အိမ်မှာ ဘောက်ဖတ်တစ်ကောင်လို ငြိမ်ပြီးကပ်နေရတော့ အီလည်လည်ကြီးဗျာ'' ဟူ၍ ...။

သူ့ကိုယ်သူ (nick name) ဘောက်ဖတ်ဟု နိမိတ်ထင်ပြဖူးသည့် အပြင် ရပ်ကွက်ဘောကွင်းဘေးတွင် ပိုက်ကျော်ခြင်း ကွင်းလေးလုပ်၍ ခြင်းခတ်ကြစဉ်က...ဘူးစင်ဘက် ခြင်းလုံးထွက်သွားလျှင် ထိကရန်းဆူး တွေရှိ၍ ဘယ်သူမှ သိပ်မကောက်ချင်ကြ။

ဘောက်ဖတ်ကတော့ ကင်းဘတ်ဖိနပ် စီးသော(တစ်ဦးတည်း သော) ကစားသမားမို့ ပင်တိုင်ပြေးကောက်သည် ။

ကိုယ့်ဘက်က ထွက်သောခြင်းမို့ ကောက်သည် ။

တစ်ဖက်အသင်းက ထွက်သောခြင်းလည်း ကောက်သည် ။ တစ်ဖက်အသင်းမှာ ကင်းဘတ်သမား ပါလည်း ...

''နေ...နေ...ကျွန်တော်ကောက်မယ်'' အထိ ဖြစ်လာသည် ။

ကိုတာတီး သိပ်မသက်ာတော့ပြီ။ ပြီးတော့ ဘူးစင်ကျော်၍ ခြင်းလုံးက အရင်ထွက်ထွက်လာသည် ။ လူက တော်တော်နှင့် ထွက်မလာ။ နောက်တစ်နေ့ ကိုတာတီးပါ ကင်းဘတ်စီး လာပြီး...ငေါက်ကန့် ဦးအောင်သွားကောက်သည် ။ ခဏကြာနေသည် ။ ပြီးမှ ခြင်းလုံးကိုင်ပြီး ပြုံးဖြီးဖြီးနှင့် ထွက်လာသည် ။

ဘောက်ဖတ်မျက်နှာကို လှမ်းကြည့်သည် ။ ကိုတာတီးအကြည့်ကြောင့် အားလုံးအကြည့်လည်း ဘောက်ဖတ်မျက်နှာပေါ် စုပြုံကျလာသည် ။ ဘောက်ဖတ် မျက်နှာအနည်းငယ် ပျက်သွားသည် ။

ကိုတာတီး လူပုံအလယ်မှာ တစ်ခုခု ဖွင့်ချလိုက်မှာ ကြောက်နေသော မျက်နှာနေ မျက်နှာထားကိုလည်း အားလုံးမြင်နေရလေပြီ။ ဘောက် ဖတ်၏ ခြင်းကောက်ခြင်း လျှို့ဝှက်အကြောင်းရင်းမှာ ...သန်စွမ်းစွာ ပိတ်ကာနေသော ဗူးရွက်တွေကို လိုအပ်သလို အပေါက်လေးတွေ ဖောက်ထားပြီး တစ်ဘက်သို့ ချောင်းကြည့်ပါက ဆယ့်သုံးလေးနှစ်သမီးလေး တစ်ယောက် လွတ်လပ်စွာ ရေချိုးတာနှင့် တိုက်ဆိုင်နေတတ်သည် ကိုးလေ။

ကိုတာတီးက ခြင်းလုံးကို တဖတ်ဖတ် ပုတ်ရင်း မင်းသားကြီး ဝင်းဦး

အသံနှင့် ...

''ဩော်...ဩော်...ဩော်...ဘောက်ဖတ် ဘောက်ဖတ်၊ မင်းကြိုက်တာ ငါသိပြီ...လက်စသတ်တော့...''

ကိုတာတီး စကားထိုးရပ်နေပြန်သဖြင့် တစ်ကွင်းလုံး ငြိမ်သက်သွားခဲ့သည် ။ ဘောက်ဖတ်မျက်နှာလည်း မန်ကျည်းရွက်လောက် ဖြစ်နေပြီ။

''လက်စသတ်တော့...ဘောက်ဖတ်ပီပီ မင်းက ဘူးရွက် ကြိုက်တတ်တာကိုးကွ၊ ဘူးရွက်နားမှာ သွားကပ်နေတဲ့ မင်းမျက်နှာအရာတွေ အီဖေကိုယ် တွေ့ခဲ့တယ်...''

ကိုတာတီးက ဒါပဲ ပြောပြီး ဘောက်ဖတ်ကို ခြင်းလုံးပစ်ပေးခဲ့သည် ။ ဆက်ကစားကြသည် ။ ထိုအကြောင်းနှင့် ပတ်သက်၍ ယနေ့ထိ ဘာတစ်ခွန်းမှ ဆက်မပြောတော့။ ဘောက်ဖတ်လည်း ခြင်းဝင်မကောက်တော့။ သို့သော် သူကိုယ်တိုင် နိမိတ်ထင်ဟပ်ခဲ့သော ''ဘောက်ဖတ်'' ဆိုသည့် nick name ကဖြင့် သူမှတ်ပုံတင်နာမည်ကို ကျော်တက်သွားခဲ့လေသည် ။

*

အခန်း(တစ်-ခ)

ထပ်မံရောက်ရှိလာသူက တောင်ပေါ်က ဆင်းလာသူ မဟုတ်ဘဲ အိမ်နေအဝတ်အစားနှင့် လုံးကျစ်နေသော တောင်ဆိတ် (မုတ်ဆိတ်ရိတ်၍) ရပ်ကွက်ထဲက ထွက်လာသည် ။

''ကျွန်တော့်နာမည်ရင်းက မျိုးဝင်းပါ၊ အဲ့သည် တုန်းက ရပ်ကွက် ထိပ်မှာ သင်္ကြန်မဏ္ဍပ်က ဟဲဗီးကြီး...အပြင်က အဆိုတော်တွေ ဟ,သွားတော့...တက်က,မယ့်သူ မရှိဘူး ဖြစ်နေတယ်၊ လူကြီးက ကျွန်တော့် ဦးလေးဆိုတော့...ဟဲ...ဟဲ...ကျွန်တော် ဂျက်မြသောင်းရဲ့ မိန်းမ တွေ မှိုလို

ပေါတဲ့ လောကကြီးအလယ်မှာ သီချင်းနဲ့ ကွေးနေအောင် တက်,က တာ..မူးလည်း မူးနေလို့ လုပ်ရဲတာပါ...(Rap)တွေ (Hip Hop) တွေတောင် မပေါ်သေးဘူး၊ ဘရိတ်ဒန့်ရော၊ အန်ဒါဂရောင်းရော၊ မြန်မာ က,ရော၊ အင်ဒို၊ မလေး၊ ပန်းသေး၊ နိုင်ဂျီးရီးယားပါ စုံအောင် ကြိတ်ပစ်တာ...အဲဒီတုန်းက ကျွန်တော့်မုတ်ဆိတ်က ငါးလက်မလောက် ရှည်ကျနေတာဆိုတော့၊ အောက်က သူငယ်ချင်း ဇော်သန်းက မိုက်ခွက်ကိုင်ပြီး...

''တောင်ဆိတ်ကွ...ကြိတ်ထား တောင်ဆိတ်ကွ၊ ကောင်လေး ယောကျ်ားဘသား ပါရမီရှင်လေး...တောင်ဆိတ်''

ကျွန်တော်ကြိတ်ကောင်းကောင်း နဲ့ ကြိတ်တာပေါ့၊ ပရိသတ် အားလုံးကလည်း တောင်ဆိတ် တောင်ဆိတ်ပဲ၊ ကြိတ်ကြိတ် ဝိုင်းအော် အားပေးလိုက်ကြတာ ကြိတ်ကောင်းတုန်း...

''ဟိတ်ကောင် ဆင်းတော့...မင်းကို ပြောနေတာ တောင်ဆိတ် ရ'' တဲ့ ...မိုက်ခွက်နဲ့ ကျွန်တော့်ဦးလေးကိုယ်တိုင် တောင်ဆိတ်လို့ ခေါ်ပြီး ဆင်းခိုင်းမှ အလေးဆယ်ခါလောက်ပြုပြီး ဆင်းလာတာ၊ အောင်မယ်... ထွန်းအိန္ဒြာဗို့က စင်အောက်မှာ ရှိတ်ဟင်းလုပ်ပြီး...

''ကိုတောင်ဆိတ် မိုက်တယ် ခိုက်သွားပြီ..တဲ့ ...ဒွဲဒွဲဒွဲ''

ကိုတာတီးက တောင်ဆိတ်၏ အောက်ဆိုက်အောင် ချွန်ကျနေသော နှာခေါင်းကို ကြည့်၍ ...

''ဟော့ကောင် များ သွားပြီ...ကိုတောင်ဆိတ် မိုက်တယ်လောက် မှာ ပဲ ရပ်တော့...ထွန်းအိန္ဒြာဗို့စကားထဲမှာ ..ခိုက်သွားပြီ လုံးဝ မပါဘူး မင်းကို ခိုက်မလားကွ...နှာခေါင်းက မြေကြီးနမ်းနေတဲ့ ရုပ်ကို'' ဟူ၍ ငေါက်ဖူးသည် ။

ယခုလည်း သူသွင်းပေးထားသောအလုပ်မို့...

''ဟော့ကောင် တောင်ဆိတ်၊ မင်းအလုပ်မသွားဘူးလား!''

''ဟီးဟီး...ကိုတာတီး မောင်းပေါက်တယ် ကြားလို့ ''

''အဲ့ဒါဘာဆိုင်လဲ!...အလုပ်က အလုပ်ပဲ''

''ဟဲ...ဟဲ...ဒီနေ့ တနင်္ဂနွေနေ့လေ အစ်ကို၊ အလုပ်ပိတ်တယ်''

''ဒါဆို...ဒီချပ်ဝတ်ဒွါဒရာနဲ့ ရမလားကွ...K.T.V သွားမလို့ ၊ သားသား နားနား သပ်သပ်ရပ်ရပ် ပြန်ဝတ်ပြီး ပြန်လာခဲ့...နာရီဝက် အတွင်းနော်... နောက်ကျရင်တော့...မင်း စမုံတုံးအောင် လွမ်းလိုက်''

တောင်ဆိတ် မတ်တတ်ရပ်၍ လှည့်ထွက်ရန်ပြင်ပြီးမှ ...

''စမုံတုံးတယ်ဆိုတာ ဘာလဲ အစ်ကိုတာတီး!''

''အေး...ငါလည်း မသိသေးဘူး...ပြန်ရောက်ခါစဆိုတော့ ဗမာဗန်းစကားတွေ ခေတ်မီအောင်သာ လိုက်ပြောနေရတာ၊ ငါထင်တာတော့...မျိုးတုံးတာထက် ဆိုးမယ်ဆိုတဲ့ သဘောလားပဲ...လူဘဝအစ အမှုန်လေးတောင် တုံးသွားမယ်...DNA ကန်းသွားမယ်...အဲဒီ သဘောပဲ...ဟော့ကောင် တောင်ဆိတ်၊ နှစ်မိနစ်ကျော်သွားပြီ... ပြေးတော့''

တောင်ဆိတ် အူတူတူ ထွက်အသွား၌ ''မှုန်လေး'' စက်ဘီး မပါဘဲ (ထူးထူးဆန်းဆန်း) ကားပေါ်က ဆင်း လာလေသည် ။ စက်ဘီးနှင့် လာနေ ကျမို့ပါ။ သည် ရပ်ဝန်းသို့ စက်ဘီး လေးဆယ့်ငါးမိနစ်ခရီးမှ လာရသော (တစ်)ရပ်ကွက်က သူငယ်ချင်းမို့ မိတ်သင်္ဂဟ ချစ်ခြင်းကို တွက်ဆကြည့်ကြပါလေ။ ဖြစ်ရပ်မှန်မှုခင်းမှာ ...

ဗြောင်းပြန်မှ လာနေသော B.M ကားက သူ့လမ်းကြောင်းနှင့်

အဝေးကြီးဟာကို ချိုင့်ခွက်တက်နင်းသည် ။ ဂျိုင်းကနဲ စတီယာတိုင် ခေါက်ပြီး တစ်ဘက်လမ်းဘေးက နင်းလာသော သူ့စက်ဘီးဆီ တည့်တည့် ဝင်လာသည် ။ သဲပုံတစ်ပုံ ဘေးၭ ရှိနေခြင်းသည် မှူန်လေး အသက်ကို ကယ်လိုက်ခြင်းဖြစ်သည် ။ စက်ဘီးလွှတ်ပြီး သဲပုံပေါ် ဒိုင်ဗင်ပစ်ချလိုက်၍ ဘာဒဏ်ရာမှ လူက မရသော်လည်း ...

စက်ဘီးက (၂၅)ဒီဂရီခန့် ခါးလယ်က ကွေးသွားသည် ။ ဘာလျော်ကြေးမှ တောင်းမနေတော့။ အာပေါက်မည်။ အချိန်ကုန်မည်။ ပေရှည်မည်။ မှောက်သွားသော B.M ကားပေါ်က ခရီးသည် သုံးယောက်၊ ဆေးရုံၭ သေသည် တဲ့ ။

(ထိုလမ်းလည်း တစ်လမ်းသွား ဖြစ်သွားသည် ။)

သူငယ်ချင်းတွေနှင့် တွေ့ချင်လွန်း၍ ..ပိတောက်ဝါကို နေ့တိုင်း စက်ဘီးနှင့် (၄၅)မိနစ်ခရီး အသွားအပြန် လာနေသော ကိုမှူန်လေး။ အလုပ်အကိုင် မရှိတာတောင် သူငယ်ချင်းတွေနှင့် တွေ့ချိန် ဖဲ့မပေးနိုင်၍ အလျော်အပေါ် မတောင်းခဲ့သော ကိုမှူန်လေး။

အမေ့ထံမှာ ငွေတစ်သောင်း(စက်ဘီးပြင်ခ) အကြွေးထပ်တင်သော ကိုမှူန်လေး၊ အနှီ ကိုမှူန်လေးသည် ကားသမားဘက်က လွှင့်ထုတ်လိုက်သော သတင်းသာ ကြားလျှင်...လုပ်သားပြည်သူတွေကလည်း သတင်းမှန် ထင်ပြီး မေတ္တာပို့နေသံ ကြားလျှင်...

''စည်းကမ်းမရှိ သောက်စက်ဘီးတစ်စီးကို ရှောင်လိုက်လို့ အများ သူငှာ ဒုက္ခရောက်ရရှာတာ၊ သေချင်းဆိုး စက်ဘီးသမားကို တည့်တည့် ဝင်တိုက်ပစ်ရမှာ '' တဲ့ ။

''ကျွန်တော်မျိုးကြီး သေသင့်ပါတယ်...''

ကိုမှုန်လေး တုန့်ပြန်သံ ဖြစ်မည်ထင်သည် ။

သို့သော် ကိုမှုန်လေးက အေးဆေးပါပင်။

စက်ဘီးပြင်ထား၍ ဘတ်စ်ကား နှစ်တန်စီး၍ ရောက်ရှိ လာလေသည် ။ မှုန်လေးနှင့် ဘောက်ဖတ်မှာ မှတ်ပုံတင် နာမည်တူ မွေးသက္ကရာဇ်တူ၊ မွေးလတူ၊ ဇာတာတူ၊ ဂြိုဟ်တူ၊ နာမ်တူ၊ (ရက်သာ မတူ၊ ဘောက်ဖတ်က ခုနစ်ရက်ကြီး)သည် ။ ''သန်းထိုက်အောင်'' ပါတဲ့ ။

သို့သော်...

ကြန်အင်လက္ခဏာချင်းက လုံးဝဆန့်ကျင်ဘက်။ မှုန်လေးက... ဘောက်ဖတ်၏ တစ်ခြမ်းစာသာ ရှိသည် ။ ပါးပါးလှပ်လှပ်။ (နည်းနည်းကိုင်းကိုင်း)တီရှပ်တောင် မဝတ်၊ ရှပ်အင်္ကျီသန့်သန့်နှင့် ပုဆိုးကိုသာ အရောင်လိုက်ဖက်အောင် တွဲစပ်ဝတ်တတ်သည် ။ သွားကလေးတွေ အမြဲဖြူဖွေးနေတတ်သည် ။ အဖွဲ့သားထဲ ကွမ်းမစား၊ ကွမ်းမစွဲတာ သူတစ်ယောက်တည်းပဲ ရှိသည် ။ ချက်ကျလက်ကျ စကားပြောတတ်သူဖြစ်သည် ။ ပိုင်လောက်မှ ဝင်ထောက်လေ့ရှိသည် ။

''ကိုတာတီး...ဒီနေ့ ခင်ဗျားကျောက်ဆူး ဘယ်မှာ ငြိမလဲ!''

''သိသားနဲ့ မှုန်မှုန်ရယ်...သာတိဖိုက်ပေါ့...ဒါနဲ့ နေပါဦး... တောင်ဆိတ် ပြောပေးတဲ့ အလုပ်ကို မင်းက ဘာလို့ မလုပ်တာလဲ!''

''မကိုက်ဘူး...ကြိုပို့လည်း မလုပ်ဘူး''

''ဟာ...မနက်စာ ညစာကျွေးတယ်၊ အဲယားကွန်းထဲ နေရမယ်၊ အဲဒါနဲ့တင် တန်နေပြီပဲကွ''

''ကားခ အသွားအပြန် လေးရာဗျာ၊ လက်ဖက်ရည်ဖိုး၊ ဆေးလိပ် ဖိုးနဲ့ တစ်နေ့တစ်ထောင်ဆို တစ်လ သုံးသောင်းကုန်နေပြီ၊ ဘယ်လိုလူဖြစ်

မှာ လဲ၊ ပြီးတော့ အလုပ်က စားပွဲထိုး''

ကိုတာတီးက အပြင်ကို ကွမ်းမထွေးစေရန် ကြွပ်ကြွပ်အိတ် ချပေးထားရင်း...

''မင်းပဲ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆို''

''ဒါဆို ခင်ဗျား ဘောက်ဖတ်ပါ ဖင်တွန်း၊ နှစ်ယောက်ဆို လုပ်မယ်''

အေးဆေးစွာ ဂျာနယ်ဖတ်နေသော ဘောက်ဖတ်က အိတ်ထဲ ကွမ်းထွေးရင်း...

''ဟေ့ကောင် မှုန်လေး၊ ငါ့ဘက် မြှားဦးမလှည့်နဲ့ ၊ ငါ့ဟာငါ သာသာယာယာ ရှိနေတာ...အဲဒီမှာ ...နေပါ...နေပါ''

မြှားဦးမလှည့်နဲ့ ဆိုမှ လည်ထွက်သွား၏။

''ဟေ့ကောင် ဘောက်ဖတ်...မင်းလည်း အတူတူပဲ၊ ဒီအရွယ် ရောက်နေပြီ၊ သောက်လုပ်သောက်ကိုင်မရှိ မိဘဆီက လက်ဖြန့်တောင်း.. ကိုးကျောင်းကိုးကျင်းကပြန်၊ အိမ်ရောက်တယ်ဆိုတာနဲ့ ရှိတာလှန်စား... မြေလေးဆန်ကုန်...ရေစုန် ဖော်လိုသမားပဲ...''

''ငမှုန်ဘက် အဲ့ဒီကျောက်ဆူးကြီး ပြန်လှည့်ပါဗျာ၊ ဒါမှ မဟုတ်... ဟိုမှာ ကြောင် လာနေပြီ၊ သူ့ကို လှမ်းပစ်...''

အဝေးမှ စစ်တုရင်ကွက်ပေါ် ပွန်းရွှေ့သလို တစ်ကွက်ချင်း တစ်လှမ်းချင်း ချီတက်လာနေသော ကိုသန်းဌေး ခေါ် ကြောင်။ သူသည် နယ်နိမိတ်တစ်ဝိုက် အကောင်းဆုံး စစ်တုရင်သမားဖြစ်သည် ။ အသားကညိုညို ဆိုသော်လည်း ပြောင်လက်နေသော Brown Colour ။ ယခင်က ဆံပင်အရှည်ထားသော်လည်း သည် တစ်ခေါက် ကိုတာတီး ပြန်အရောက်၌ ဒေါက်တိခံလိုက်ရသူ။

''ညှင်းသိုးသိုးနဲ့ ကွာ...ကမ္ဘာကျော် ဘယ်စစ်တုရင်သမားမှ ဆံပင်အ ရှည် မထားဘူး ချန်ပီယံ အာနန် ဒီဇိုင်းညှပ်ပေးမယ်...လာ'' ဆိုပြီး သူညှ ပ်နေကျ Beauty Palor ကို တက္ကစီနှင့် ခေါ်သွားသည် ။ ဂျာနယ်ထဲက ရုရှ စစ်တုရင်သမားကို နိုင်သွားသော အိန္ဒိယသား အာနန်ပုံ ညှပ်ခိုင်းသည် ။ ခေါင်းလျှော်ပေးသည် ။ မျက်နှာပင် ပေါင်းတင်ပေးလိုက်သေးသည် ဆို သည် ။ ကိုတာတီး၏ ချစ်စရာကောင်းသော ညာဉ်တစ်ခု ဖြစ်သည် ။

အပေါင်းအသင်း သူငယ်ချင်းတွေကို သားသားနားနား သပ်သပ်ရပ် ရပ် စမတ်ကျကျ ဖြစ်စေချင်သည် ။ အင်္ကျီနွမ်းနွမ်း ဝတ်လာလို့ ကတော့ မသိမသာ လက်ဖမ်းတင်ပြီး မပြပြအောင် ဖြလေ့ရှိသည် ။ နှုတ်ခမ်းမွေး ၊ မုတ်ဆိတ်မွေး မရိတ်မသင်က အပြစ်တင်လေ့ရှိသည် ။

''ပါစင်နတီကွ...တစ်ကိုယ်ရည်သန့်ရှင်းရေးကွ၊ လူပျိုလူလွတ် ဆို တာ သန့်ပြန့်နေရမှာ ပေါ့...ကြောင်...ပြစမ်း...မင်းလက်သည်း''

''ဘာလဲ ခွာစားမလို့ လား...!''

''...ဪ ပဲကွာ၊ လက်သည်းညှပ် မရှိရင် ဝယ်ပေးမလို့ ကွ၊ ဒီကြောင်က လည်း ပြပါဆိုမှ လက်သည်းချည်း ဖွက်နေတာကိုး''

ကိုသန်းဌေး နာမည်ပြောင် ''ကြောင်'' ဖြစ်ရခြင်း အကြောင်းရင်း က လည်း ရှိပါ၏။ စစ်တုရင် Board ပေါ်က အကွက်တွေကို ချက်ကနဲ ဂျက် ကနဲ သိနေသော ဦးနှောက်ပိုင်ရှင် ကိုသန်းဌေးသည် သူ့နှလုံးသားကို ခွ ချက်သွားသော ကောင်မလေးတစ်ယောက်ကိုတော့ဖြင့် ဘယ်မှာ နေမှန်း၊ ဘယ်သူမှန်း မသိရှာ။

တစ်နေ့မနက်ခင်း နှင်းတွေက ကျနေသည် ။ ကောင်းကင်ပေါ် တွင် လမင်းက တစ်ခြမ်းတိတိ ချိတ်ဆွဲကျန်နေပုံက ကဗျာဆန်နေသည် ။ ဂစ် တာလည်း ကောင်း၍ သီချင်းရေးရန် ဝါသနာ ထက်သန်သော ကိုသန်း

ဌေးရင်ထဲ ကဗျာညာဉ်က ဝင်လာစ...

''ဟာ...ငါ့လမင်းလေး...ကြွပ်ကြွပ်အိတ်လေးနဲ့ ပါလား!''

ကောင်းကင်က လမင်းထက် သူ့ရှေ့က လမင်းဆီ အမြန် ချဉ်းကပ်လိုက်သည် ။

''မြေပြင်က လမင်းလေး...ကောင်းကင်ပေါ်မှာ လတစ်စင်း ရှိနေတယ်၊ မင်းကလေး မော့ကြည့်လိုက်ရုံနဲ့ အလှတရားတစ်ခုကို မြင်နိုင်တယ်
''

သူပြောသည့် အတိုင်း ကောင်မလေးကလည်း မော့ကြည့်သည် ။ သူ ဝမ်းသာသွားသည် ။

''ဒါပေမယ့်...ကောင်းကင်ကလမင်းဟာ

တစ်ညဉ့်လုံး...တစ်ခြမ်းစာသာ...

သူ့ခမျာ...လင်းဖြာခဲ့ရကြောင်း

မင်း...မြင်သာထင်သာ ရှိမှာ ပါ...

ကိုယ့်ရင်ကို လင်းဖြာနေခဲ့တဲ့ မြေပြင်လမင်းလေးကကော

တစ်ခြမ်းလား...ပြည့်ပြည့်ဝဝ ဝိုင်းဝိုင်းစက်စက်လား... ဒါမှ မဟုတ်..
.

အဆုံးမရှိသော လကွယ်ညတွေချည်းပဲလား...ဆိုတာ...''

သူ့ထုံးစံအတိုင်း ခပ်တိုးတိုး ခပ်အေးအေး တစ်လုံးချင်း ပြောရင်း တစ်ကွက်ချင်း ရွေ့ယူနေစဉ် ဒိုင်ယာလော့(ဂ်)က ထိုးရပ်သွား၏။ ကောင်မလေးက ဆတ်ခနဲ ခြေစုံရပ်လိုက်၍ ဖြစ်သည် ။

သူလည်း ကြောင်အ,သွားပြီး ခေါင်းကိုင်ရမလိုလို နှာခေါင်းပွတ်ရ မ

လိုလို ဖြစ်နေစဉ်..

သူကိုလည်း သိနေသော(စိတ်ဝင်စားနိုင်သော)ခပ်ထက်ထက် ခပ်စွာစွာ ကောင်မလေးက...

''လိုရင်းကို မြန်မြန်ရောက်အောင်ပြော...ငကြောင်ရ... ဟိုမှာ အိမ်ရောက်တော့မယ်...အရှည်စား...ညောင်...ညောင်၊ ညောင်ညောင် လာလုပ်မနေနဲ့ ကြောင်ပူရဲ့ ''

ပြောပြီး ဇတ်ခနဲ လှည့်ထွက်သွားခဲ့သည် တဲ့ ။ သူနှင့် တစ်လမ်းထဲ မှန်း သိလိုက်ရခြင်း။ သူကလည်း သူ့အဖြစ်ကို သူရှုံးခဲ့သော စစ်တုရင်ပွဲတစ်ပွဲလို Openning ဖွင့်သည် ကစ၍ Check ခေါ်၍ အခွေခံရသည် အထိ တစ်ကွက်ချင်း အတိအကျ ပြန်ပြောနိုင်သူမို့...

ခရေစေ့တွင်းကျ စကားလုံးရော ဟန်အမူအယာပါ အတိအကျ ပြန်ပြောပြခဲ့လေ၏။ ဖြစ်ချင်တော့ သူယုံကြည်စွာ ပြောပြခံရသူက... ဖွကြီးတာတီးဖြစ်နေသည် ။ လူထူမှ ပိုပိုသာသာ ဖွတော့သည် ။ အပိုဆာဒါး ပါ ထည့်၍ ကြောင်---ီးပူလိုက်သည် ။

ကောင်မလေး ဇက်ရဲလက်ရဲ သုံးနှုန်းသွားသော စကားလုံးကို တော့ ''ကြောင်''နှင့် ရပ်ထားလိုက်၏။ ဤကား...စစ်တုရင် ကိုသန်းဌေး ကြောင်ဘွဲ့ရခြင်း နိဒါန်းတည်း။

*

အခန်း(တစ်-ဂ)

မန်လေးဖြစ်လာရခြင်းအကြောင်းနှင့် နောက်ဆုံးရောက်ရှိလာသော ''ဝမ်းတစ်ထွာ'' အကြောင်းကို အလျဉ်းသင့်သလို ဖော်ပြရန် ရှိပါသည် ။ အကြောင်းမှာ အမိက ဇာတ်ကောင် ''ပန်းထွေး'' ဆီ မရောက်ဘဲ က

လောင်ရှည်၍ ချော်တောင့်နေသောကြောင့် ဖြစ်ပါသည် ။

ဝမ်းတစ်ထွာ နာမည်ရင်းက အောင်မျိုးဖြစ်သည် ။ ဂျင်းဘောင်းဘီ အရှည်ဆုံး Size ကို ဝတ်ရအောင်ပင် အဖွဲ့ဝင်ထဲ၌ အရပ်ရှည်ဆုံး၊ အပိန်ဆုံး၊ အစားအပုတ်ဆုံးဖြစ်သည် ။ ကောင်းကောင်း နှင့် များများကို ခဏ ခဏ စားတတ်သူဖြစ်သည် ။ (ပြောရင်းဆိုရင်း ရပ်တော်မူပါဦးဖျာ့ဟု က လောင်ကို ရပ်ခံယူရပေတော့မည်။ ကဒ်ဟ။) တောင်ဆိတ် အပျံစား သားနားစွာ ပြန်ရောက် လာပြီ။

''ဟိုကောင်လေး ပန်းထွေးတစ်ကောင်ပဲ ကျန်တော့တယ်''

နာရီကြည့်၍ သူတပ်စုကို အမှတ်စဉ် မှတ်လိုက်သူက ဗိုလ် တာတီးဖြစ်သည် ။

''ဒီကောင် ညက ချန်ပီယံလိဂ်ပွဲပြီးမှ ပြန်သွားတာ အစ်ကို၊ လိမ့်အိပ် နေလိမ့်မယ်''

အုပ်စုဝင် အထွေးဆုံး၊ အရိုးဆုံး၊ အ,အဆုံး၊ ဂါတ်ဗိုလ်တွဲလေး မပါလျှင် တာတီးဆိုသော ခေါင်းတွဲကြီးက တူဂီးဆွဲ၍ ဂျုံးဂျုံးဂျက်ဂျက် မြည်မည်မဟုတ်မှန်း သိသော တောင်ဆိတ်က ကျွန်တော်သွားနှိုးခေါ် လာမည်ဟု ပြောသည် ။

''မထူးပါဘူးကွာ...တို့ ဆရာမ...သူ့အန်တီအတွက် တစ်ခုခု ဝယ်သွားပြီး တို့ တစ်အုပ်စုလုံး သွားကြမယ်...ဟော့...စံဖဲ...လာဦး''

''ဟိုင်း...''

''ရှယ်ချိုဆိမ့်နဲ့ ပဲပလာတာတစ်ပွဲ၊ စမူဆာတစ်ပွဲ၊ ပါဆယ်ထုပ်မယ်၊ ကဲ...ဒီဝိုင်းရှင်းမယ်...တွက်စမ်း''

စံဖဲက အတန်းကျောင်း မနေဖူးသော်လည်း ဘဝပေး အခြေအနေ

အရ သခ်ၤာပါရဂူ ဖြစ်နေသည် ။ ကွန်ပျူတာထက် တိကျသည် ။ ကွမ်း တံတွေးအိတ်နား ရှယ်တီးနှင့် စမူဆာ၊ ပဲပလာတာ လာချသည် ။

''ရှယ်ချီဆိမ့်နဲ့ ပဲတစ်ပွဲ၊ ဆမူဆာတစ်ပွဲပါ ထပ်ပေါင်းရင် နှစ်ထောင့်ခြောက်ရာငါးဆယ်၊ ရော့...ကိုတောင်ဆိတ် ရှုဘီတစ်လိပ် ထပ်ယူလိုက်၊ နှစ်ထောင့်ခုနစ်ရာကွက်တိ''

ပန်းထွေး၏ အဒေါ် အန်တီထွေးအတွက် ပါဆယ်ထုပ်တွေ ဆွဲ၍ တစ်အုပ်လုံး ချီတက်ခဲ့ကြလေသည် ။ အားလုံးတက်ကြွနေကြသည် ။

နေသည်

အရွေ့က ထွက်၍

အနောက်သို့ ဝင်သည်

သဘာဝတရားကြီး၏

ဖြစ်မြဲထုံးစံဖြစ်သည် ။

ဆိတ်ငြိမ်ဖြောင်းဆန်ရပ်ကွက်ထဲက

သူ့အိမ်ကလေးကိုတော့

နေသည် အနောက်က ဝင်၍

အရွေ့က ထွက်သွားလေသည် ။

သူ့အိမ်က အရွေ့ကို ဖင်ပေး၍ ခပ်ကွေးကွေး ဆောက်လုပ်ထား သောကြောင့် ဖြစ်သည် ။

စတင်ဆောက်လုပ်စဉ်ကတော့ ဖြောင့်စင်းစင်း ရှိခဲ့ပါသည် ။ သို့ သော် ခါးလယ်ကို ဖြတ်ဝင်သော နာဂစ်က အိမ်၏ အနေအထားကို ပြုပြင်သွားသောအခါ ခပ်ကွေးကွေး ကျန်ခဲ့လေသည် ။

ပါဝါထူမျက်မှန်ကြီးနှင့် အန်တီထွေးက...

''ဟဲ့...မောင်တာတီးတို့ အုပ်စုလိုက်ကြီးပါလား...!''

''ဟုတ်ကဲ့...ဝါကျွတ်တုန်းက ဆရာမကို လာကန်တော့မလို့ ပါပဲ၊ ခရီးလွန်နေကြလို့ တန်ဆောင်တိုင်အကြို့ လာကန်တော့တာပါခင်ဗျာ... ဒီမှာ ရှယ်နဲ့ ပဲပလာတာ၊ စမူဆာ၊ ပန်းထွေးတစ်ကောင် အိပ်တုန်းလား!''

''ထပ်ခိုးပေါ်မှာ ကွဲ့...သွားတက်နှိုးချေ''

ပြောပြီး ချထားသော ရှယ်တီးနှင့် ပါဆယ်ထုပ်တွေ ဆွဲ၍ အန်တီထွေး နောက်ဖေးဝင်သွားသည် ။ ဧည့်ခန်းကျဉ်းထဲ ဖြစ်သလို ထိုင်နေကြစဉ် ကိုတာတီး ထပ်ခိုးပေါ် တက်ခဲ့၏။

''မောင်လေးရေ...ထ...ပါ...တော့...

ရောင်နီ...လာမှ ပေါ့...

မောင်ပန်းရေ...ထ...ပါ...တော့...

ရောင်ခြည်...လာလှပေါ့... ''

''စောစောစီးစီးဗျာ...ခုနကမှ ကျွန်တော်အိပ်တာဗျ''

ပန်းထွေး မျက်လုံးမဖွင့် အိပ်ဟန်ကို မပြင်ဘဲ ပါးစပ်နှင့် ပင် စတင်ငြင်းဆန်သည် ။

''ညီထွေးလေး...KTV နဲ့ မာဆတ်သွားမလို့ ၊ အစ်ကို မောင်း အောင်ထားတယ်၊ အဖွဲ့ဝင်တွေအားလုံး အောက်မှာ ပါတယ်၊ မင်းတစ်ယောက်တည်းပဲ ကျန်နေခဲ့မှာ စိုးလို့ ၊ လာ...နှိုး...တာ၊ ထကွာ...''

''အိပ်ချင်တယ်ဗျာ...နေလို့ လည်း မကောင်းဘူး၊ ခင်ဗျားတို့ ပဲ သွားကြပါ...အိပ်ချင်တာမှ မျက်လုံးတောင် ဖွင့်လို့ မရဘူး''

ကိုတာတီးက ပန်းထွေးနဖူးကို စမ်းရင်း မျက်ခွံကို ဆွဲတွန်းတင်ရင်း..

''ကိုယ့်နဖူးလေး...

သူ...စမ်းပြီးတော့...

ပန်း...လေး နေကောင်းရဲ့ လားလို့ မေးတယ် ''

''ဟေ့လူကြီး ကျွန်တော်မလိုက်ချင်ဘူးဗျာ၊ အရမ်းအိပ်ချင်နေတယ်၊ ပြီးတော့...အဲဒီထဲက မိန်းမတွေအနံ့က စူးလွန်းတယ်၊ ကျွန်တော် မခံနိုင်ဘူးဆိုတာ ခင်ဗျားသိရက်သားနဲ့ ''

''ကောင်းစားစေချင်လို့ ...

နတ်ပြည်...တင်တာပါကွယ်

ဖင်အေးတယ် ဆို...ပြီး

ခုန်မချနဲ့ ...အချစ်လျော့တော့မယ် ''

ထိုစဉ်မှာ ပင် အောက်ထပ်မီးဖိုခန်းဘက်မှ တဝေ့ဝေ့ ထိုးအန်သံကြားပြီး ဘောက်ဖတ် အလန့်တကြား ကြုံးအော်သောအသံကိုပါ ကြားလိုက်ရသည် ။

''ကိုတာတီး!...ကိုတာတီး!...ဒီ...ဒီမှာ ...ဆ... ဆရာမ...ဘာဖြစ်သလဲမသိဘူး!...အန်နေပြီ''

တောင်ဆိတ်၏ ခုနစ်သံချီ ဖြစ်သည် ။

သူတို့ နှစ်ယောက် ဝုန်းဒိုင်းကြဲ ပြေးဆင်းသွားသောအခါ မီးဖိုထဲက ထမင်းစားပွဲဝိုင်းဘေးတွင် အန်ဖတ်ပုံထဲ ခေါင်းစိုက်နေသော သူတို့ ဆရာမဟောင်း ပန်းထွေး၏ အန်တီကို တွေ့ကြရသည် ။ မှုန်လေးက နော

က်က ထူပွေ့ထားသည် ။ ယပ်ခပ်သူက ခပ်ပေးနေသည် ။

''ဝေ့...တာတီး...နင် နင်၊ ဝေ့...ကျောင်းတုန်းက... ဝေ့..အကျင့်၊ ဝေ့ ...နင် တမင်လုပ်တာ၊ ဝေ့...နင် ခုထိ...ငါ့ကို ဝေ့...နောက်ပြောင်တုန်း လား...အရင်လို...ငါ...နင့်ဒဏ် မခံနိုင်တော့ဘူးဟဲ့..ဝေ့၊ ငါအသက်ကြီး.. ဝေ့...ပြီ...''

ကိုတာတီးမျက်နှာ ဇီးရွက်ခြောက်ခန့်ဖြစ်သွားသည် ။

''ကျ...ကျွန်တော်...ဘာ...ဘာလုပ်မိလို့ လဲ ဆရာမ!၊ ကျ...ကျွန်တော် ဘာမှားသွားလို့ လဲ...ခင်ဗျ!''

''ဝေ့...နင်...ဝယ်လာတာ...နင်လာကန်တော့... ဝေ့..တာ''

''ရှယ်တီး...ပလာတာနဲ့ စမူဆာလေ...ကျွန်တော်တို့ တောင် ဆိုင်မှာ အဝတုတ်လာသေးတာပဲ...''

စာပွဲဝိုင်းပေါ်က လက်ဖက်ရည်၊ ပဲပလာတာပန်းကန်နှင့် စမူဆာ ကို ဝိုင်းကြည့်မိကြသည် ။ ဘာတစ်ခုမှ လွဲချော်တိမ်းစောင်းမှု မရှိ။ ဝမ်း တ စ်ထွာက ပဲပလာတာ တစ်ဖတ်ယူ၍ ပါးစပ်ထဲ ထည့်လိုက်သေးသည် ။

''ကောင်းပါတယ် ဆရာမရဲ့ ၊ ပူပူနွေးနွေးလေးတောင်ဖြစ်တုန်းပဲ''

''ဝေ့...စမူ...ဝေ့...ဆာ''

တောင်ဆိတ်နှင့် ကြောင်က တစ်ယောက်တစ်ခု ကောက်ကိုင်၍ နမ်းကြည့်သည် ။ ကြောင်က ဂျတ်ကနဲပင် ဝါးစားပြလိုက်သေးသည် ။

''ဝေ့...အချဉ်...ရေ...''

တောင်ဆိတ်က ပန်းကန်ထဲ ထည့်ထားသော အချဉ်ရေကို စမူဆာနှ င့် လှမ်းတို့ ၍ ကိုက်ချလိုက်သည် ။

''ဂျုတ်!...ဝေ့!...!''

''ဟ!..တောင်ဆိတ် ဘာဖြစ်တာလဲဟ!''

''ဝေ့!...''

တောင်ဆိတ်က စမူဆာ အန်ချရန် အမှိုက်ပုံးဆီ ထပြေးပြီး အန်ချရန် ပြင်လိုက်စဉ် အမှိုက်ပုံးထဲက တစ်စွန်းတစ်စ မြင်ရသော ကြွပ်ကြွပ် အိတ်ကို လက်မ၊ လက်ညှိုးနှင့် ကောက်၍ ယူလိုက်သည် ။

''သေဟ..! ကွမ်းတံတွေးထုပ်ကြီး... ထွီ!!''

''အေးလေ...ငါလို အိုကြီးအိုမကို...အေ့...ဝေ့... လုပ်တယ်၊ (၃၅)နှစ်လည်း ကျော်ပြီ...တာတီး နင် ငယ်ငယ်ကလို သောက်ကျင့်ယုတ်တုန်းပဲလား...ဟဲ့!''

''မှား...မှားဆွဲလာမိတာပါ ခင်ဗျ...ဆိုင်က အချဉ်ရည်.. မတောင်းခဲ့မိပါဘူး ဆရာမရယ့်...ဟူး..''

အကြိမ်ကြိမ် ဦးကုန်းချ၍ ခေါင်းတွဲကြီးနှင့် သူ၏ နောက်တွဲများ ထွက်ခွာသွားကြလေသည် ။ ဂါတ်ဗိုလ်တွဲလေးလည်း မီတာသွားဆောင်ရန် ရှိသည် ဟူသော အန်တီထွေး၏ တစ်ချက်လွှတ်အမိန့်နှင့် ချိတ်ပါ,မသွားခဲ့ပါပေ။ ပြန်အိပ်ခွင့်ရသွား၏။

(မီတာရုံးက စနေ၊ တနင်္ဂနွေပါ ဖွင့်သည် လေ)

*


မျက်လုံးဆိုတာ
နှလုံးသားရဲ့
ပြတင်းပေါက်တဲ့။
မင်းတုံးကျလာက်
သံချေးတက်နဲ့
အံချော်ပတ္တာငုံပြတင်း
မင်း...မဖွင့်နဲ့။

အခန်း(နှစ်)

မီတာရုံးက သူပြန်လာသောအခါ အိမ်ရှေ့မှာ ကားတစ်စီး ရပ်ထားသည် ကို လှမ်းမြင်လိုက်ရသည် ။ အိမ်ကလေးနှင့် ကျောက်ခင်းလမ်း က လေးသည် ရပ်ထားသောကားကြောင့် ပို၍ ကျဉ်းဝင်သွားသလို ရှိသော် လ ည်း ပို၍ လင်းလက်လာသည် ဟု ထင်ရသည် ။ Surf ကားကြီးက ပြောင် လက်နေသည် လေ။

အင်း...တပည့်ဟောင်းတစ်ယောက် သူ့ဆရာမကို လာ ကန်တော့ တာပဲ နေမှာ ပါဟု တွေးရင်း အိမ်ထဲ ဝင်လိုက်သည် တွင် ...

''လာ...ပန်းထွေး၊ မင်းကို ငါထိုင်စောင့်နေတာ''

အန်တီထွေး၏ မောင်တစ်ဝမ်းကွဲ(သူဦးလေးဝမ်းကွဲ) ဦးဖေညွန့် ဟန် ဖြစ်နေသည် ။ ဟမ်းချိန်းနှင့် ဆွဲကြိုးနှင့် ဘီယာဗိုက်နှင့် နအုနေသည် ။

''လေးလေးက အရမ်းတောက်စားနေပါ့လား''

''ယောကျ်ားဆိုတာ...အဲ့သလို တောက်စားနေရမယ်လေကွာ''

''ဟင်းဟင်း...လေးလေး ကောက်စားခွင်တွေ တော်တော်ဝင် နေပုံပဲ''

လေးလေး ဖေညွန့်ဟန်သည် ဂျီတီအိုင် မြို့ပြဒီပလိုမာ ရခဲ့သူ ဖြစ် သော်လည်း ဗိသုကာဘွဲ့တွေ ဘီအီးဘွဲ့တွေကို အုပ်ချုပ် ခိုင်းစေနိုင်သော Chief Engineer တစ်ဦးအဖြစ် ''လူသိုက်မြို့'' ဆောက်လုပ်ရေး ကုမ္ပဏီ တွင် ရှယ်ယာဝင်တစ်ဦးဖြစ်နေသည် ။ လွန်ခဲ့သော လေးငါးလက ရှမ်းစ တားလေး ဖွတ်ချက်နှင့် တစ်ခါရောက်လာဖူးသည် ။ သူ့ကို နေပြည်

တော် Site ထဲ လိုက်လုပ်ဖို့ ခေါ်ဖူးသည် ။ Store Keeper တဲ့ ။ ပျက်စီးမယ်၊ အရက်သမား ဖြစ်သွားမယ်ဟူသော အကြောင်းပြချက်နှင့် အန်တီထွေးက မထည့်။ သူ့ကို ချစ်တာလည်း ပါသည် ။ အန်တီထွေး အပျိုကြီးလက်တို လက်တောင်း အဖော်မရှိတာလည်း ပါသည် ။ သူလည်း တယ်မလိုက်ချင်။

''မင်း ခုထိ ဘာအလုပ်မှ မလုပ်သေးဘူးလား ပန်းထွေး!''

''ရှေးဘုန်းရှေးကံပေါ့...အန်တီထွေး ကျူရှင်ပြပြီး စုဆောင်း ထားတဲ့ ငွေတွေ ဘဏ်မှာ အများကြီး ရှိသေးတယ်လေဗျာ''

''အန်တီ့ပိုက်ဆံလေ...မင်းပိုက်ဆံမှ မဟုတ်တာ''

အန်တီထွေးက လက်ဖက်ပန်းကန် ချရင်း...

''မောင်ဟန်...အဲ့ဒီစကားနဲ့ ငါတို့ တူဝရီးကို သွေးမခွဲနဲ့ ၊ ငါ့အမွေ ဆက်ခံမယ့်သူဆိုလို့ ဒီတူလေးတစ်ယောက် ရှိတာ...ဘာမှ အလုပ်လုပ် စရာ မလိုဘူး၊ ငါတစ်သက်လုံး အေးအေးဆေးဆေး ကျွေးထားနိုင်တယ်''

အန်တီက မျက်စောင်းတောင် ထိုးလိုက်သေးသည် လေ။

''ဟုတ်ပါတယ် မမရာ၊ ဒါပေမယ့် အင်္ဂလိပ်စာနဲ့ ဘွဲ့ရပြီး ဘာ အလုပ်မှ မလုပ်တဲ့ မမတူ...ကြာရင် လူတုံးလူအလေး ဖြစ်သွားမှာ စိုးလို့ ပါ''

''ဟဲ့...သူ အခု ကွန်ပျူတာသင်တန်း တက်နေတာပဲ၊ နောက်ဆို ငါဝယ်ပေးမှာ ကို...အနည်းဆုံး အိမ်မှာ စာစီစာရိုက် လုပ်စားမှာ ပေါ့၊ နင်ကကော လောလောဆယ် လခဘယ်လောက် ပေးနိုင်မှာ မို့ ပန်းထွေးကို လာခေါ်တာလဲ...!''

ဖေညွန့်ဟန်က ရယ်ရယ်မောမောပင် လက်ဖက်သုတ်ကို ပလုတ် ပလောင်း စားရင်း...

''တစ်နေ့ကို စရိတ်ငြိမ်း တစ်သောင်း၊ နေ့စား လရှင်း ဆိုတော့ တစ်လ သုံးသိန်းပေးမယ် မမ''

သူပင် စိတ်ဝင်စားသွားသော စကားဖြစ်သည် ။ တစ်လ သုံးသိန်း ကြီးများ တောင်ဆိုပဲ။

''ဘာအလုပ်လဲ လေးလေး!''

''ဘာမှ ထမ်းပိုးနေရမှာ လည်း မဟုတ်ဘူး ၊ ဘာမှ လည်း ဦးနှောက် စားစရာ မရှိဘူး၊ အဲယားကွန်းအခန်းထဲမှာ ...ဖိမ်ကျကျ နေရမယ်... မင်း စိတ်ဝင်စားဖို့ ပဲ လိုတယ်''

''သိပ်စိတ်ဝင်စားတာပေါ့...နေ့စားဆိုတော့ ဘယ်နှစ်ရက် ဘယ်နှလ လုပ်ရမှာ လဲ!၊ ဘာအလုပ်မှန်းလည်း မသိသေးပဲနဲ့ ''

''အလုပ်က မင်းအပေါ်မှာ မူတည်တယ် ပန်းထွေး...ကဲ... လာလေကွာ...တစ်နေရာမှာ သွားစားသောက်ရင်း အေးအေးဆေးဆေး ဆွေးနွေးရအောင်''

''ဟဲ့...မောင်ဟန်၊ ငါ့တူလေးကို အရက်တွေ...ဘာတွေ''

''စိတ်ချပါ မမရဲ့ ၊ အရက်လုံးဝမတိုက်ပါဘူး၊ ဟဲ...ဟဲ၊ ဘီယာ လောက်ပါ...''

''ဟဲ့...ဘီယာလည်း သူရာမေရီယျထဲ ပါတာပဲ''

''ဗုဒ္ဓလက်ထက်က ဘီယာမပေါ်သေးပါဘူး မမရာ...ထန်းရည် တောင် ရဟန်းကြီးကြိုက်ဆိုတာ ရှိသေးတာပဲဟာ...လာ...ငါ့တူ... သွားမယ်... ကျွန်တော် ဘဲကင်နဲ့ အစိမ်းကြော် ပန်းထွေးနဲ့ ဝယ်ထည့်ပေး လိုက်မယ် မမ...''

''ဝယ်ထည့်တာ မထည့်တာ အရေးမကြီးဘူး...မူးအောင် မသောက်နဲ့ ...ပြီးတော့ နောက်ကျမနေနဲ့ နော်''

''ဟုတ်''

*

ဘီယာ၊ ဘဲကင်နှင့် စင်တင်တေးဂီတကို တူဝရီးနှစ်ယောက် ခဏမြည်းနေလိုက်ကြသေးသည် ။

''ပန်းထွေး...အဲဒီကောင်မလေး မဆိုးဘူးကွ၊ မင်း ပန်းကုံး တက်စွပ်မလား!''

''ကျွန်တော် မလုပ်ချင်ဆုံးအလုပ်ပဲ...ဘာအရသာမှ မရှိဘူး.. ရွှေထွက်မယ်ဆိုတောင် မလုပ်ဘူး''

လေးလေး ဖေညွန့်ဟန်က ဝီစကီရောရင်း ရယ်၍ သာနေသည် ။

''ဟော့ကောင်ရ...ဆယ်ကုံးလောက် ချုပြီးရင် အပြန်လိုက်ပို့ချင် တယ်ဆိုပြီး ကားနံပါတ် ကပ်ပြောလိုက်...''

''အဲ့ဒီကိစ္စ... ကျွန်တော်ကို ဘယ်လိုမှ အားကိုးလို့ မရဘူး ဆိုတာ သေချာလိုက်ပါ လေးလေး...မဖြစ်လို့ ပါ၊ ကဲ...ကျွန်တော့်အလုပ်ကိစ္စ ဆွေးနွေးခန်း စ,လိုက်ကြရအောင်''

ဝီစကီ ရောထားသော ဘီယာခွက်ကို One Stoke မော့လိုက် ပြီး...

''မင်းဘက်က အလုပ်လက်ခံပြီဆိုတာကော သေချာရဲ့ လား!''

''မက်လောက်တဲ့ နေ့တွက်ပဲ လေးလေးရာ...လုပ်ရမှာ ပေါ့၊ အလုပ်က ကျွန်တော်ကျွမ်းကျင်တဲ့ အလုပ် ဟုတ်မဟုတ်သာ သိချင်တာပါ''

''မင်း ဘာမှ ကျွမ်းကျင်စရာ မလိုဘူး၊ ရှင်းရှင်းပြောမယ်ကွာ၊ အင်မ

တန် လှတဲ့ ကောင်မလေးတစ်ယောက်ဆီမှာ မင်းနေ့တိုင်း ခေါင်း သွားလျှော်ရမယ်...မျက်နှာရွှေသွင်းတာတို့ ပေါင်းတင်တာတို့ ဆေးဆိုး အနှိပ် ခံတာတို့ နေ့တိုင်းသွားလုပ်ရမယ်၊ အဲဒီကောင်မလေး မင်းကို အထင် ကြီးပြီး..တဖြည်းဖြည်း ညွတ်လာအောင် လုပ်ရမယ်၊ အဲ့ဒီကုန်ကျစရိတ် က မင်းရဲ့ နေ့တွက်ထဲက ကုန်ကျစရာ မလိုဘူး၊ မင်း စာရင်းသာ တင်ပြ. .."

သူတော်တော်ကြာအောင် ငြိမ်သက်သွားသည် ။ ပြီးမှ ...

"အဲ့ဒီရည်ရွယ်ချက်က..."

"အဲဒါတွေကို မင်းဘာမှ ထည့်စဉ်းစားနေစရာ မလိုဘူးလေ... အဓိ က,က မင်းအဲ့ဒီကောင်မလေးနဲ့ ငြိသွားဖို့ ပဲ..."

"ခက်တော့တာပဲ...အဲ့ဒါ ကျွန်တော် မကျွမ်းကျင်ဆုံးပဲ လေး လေး"

"ဘာမှ မခက်ပါဘူး ငါ့တူရာ၊ နေ့တိုင်း စရိတ်ငြိမ်း ဖိမ်ခံခိုင်းတဲ့ ကိစ္စ ပဲ၊ ကြာတော့ သံယောဇဉ် ဝင်လာတတ်တာပဲကွ၊ ငါ့တူရာ... မင်းလည်း လူချောတစ်ယောက်ပဲ..."

"ကျွန်တော် မဖြစ်နိုင်ဘူးထင်တယ်၊ မိန်းကလေးတွေ ကြိုက်လာ အောင် ကျွန်တော်မလုပ်တတ်ဘူး လေးလေး..."

"ဟေ့ကောင်...မင်း ဒီအလုပ်ကို မလုပ်ချင်ဘူး ဆိုရင်တော့ လူညံ့ပဲ... ဘာအရင်းမှ မစိုက်ရတဲ့ အပြင် အောင်မြင်သွားရင် ဘောနပ်စ် သိန်းဂ ဏာန်း ရနိုင်သေးတယ်ကွ"

"ဘာလဲ...ဇာတ်လမ်းတွဲတွေထဲကလို ရန်သူတော်ရဲ့ သမီးကို ဖျက် ဆီးတာမျိုးလား လေးလေး!"

"လုံးဝ မဟုတ်ဘူး ...မင်း လိပ်ပြာသန့်သန့်သာ လုပ်ပါ၊ ဘာ ပြဿ

နာမှ မရှိအောင် မင်းကို ငါက ကာကွယ်ထားမယ်ကွာ၊ ရော့... ဟမ်းဖုန်းနဲ့ စရံငွေ သုံးသိန်း...''

ဟမ်းဖုန်းအသစ်ကလေးနှင့် ပိုက်ဆံသုံးထုပ် သူ့ရှေ့သို့ ရောက် လာသည် ။ ဘဝ၌ ကိုယ်ပိုင်ငွေ သုံးသိန်းမရှိဖူးသော ပန်းထွေး ငွေထုပ်နှင့် ဟမ်းဖုန်းကို ခပ်တွေတွေ လှမ်းကြည့်လိုက်သည် ။

''မင်းကွာ...ဒီအလုပ်အပ်မယ်လို့ ပြောရင်...အခု လိုက်မယ် ဗျာဆိုတဲ့ ချာတိတ်တွေ မီးရထားတွဲစာ မကဘူး ငါ့ကောင်၊ ငါ့တူကို ရစေ ချင်လို့ ''

''ကျွန်တော် လုပ်မယ် လေးလေး၊ ဘယ်အခြေအနေထိ ငြိရမှာ လဲ ပြော၊ တကယ်လို့ ကောင်မလေးက ကျွန်တော့်ကို မငြိရင်ကော...''

''မငြိငြိအောင် လုပ်ဖို့ မင်းကို ငွေကုန်ကြေးကျ ခံနေတာကွ၊ မင်းအခြေအနေ ဘယ်လိုရှိတယ်ဆိုတာသာ ငါ့ဆီကို ဖုန်းလှမ်းဆက်... မင်းအခြေအနေကို သိရမှ ငါက လိုအပ်သလို စီစဉ်မယ်''

''လေးလေး...ကာမေသုမိစ္ဆာစာရကံတော့ ကျွန်တော် ကျူးလွန် လိမ့်မယ် မထင်နဲ့ နော်...''

''အောင်မာ...ဆန်ကြမ်းက စေးနေသေးတယ်၊ အဲ့ဒီအဆင့်ထိ လည်း မလိုအပ်ပါဘူးကွာ''

သူလည်း ဘီယာမော့ချလိုက်ပြီး ဘဲကင်တစ်တုံး လှမ်းယူလိုက်၏။

''ကောင်မလေးအကြောင်း ဘာတွေကြိုသိထားဖို့ လိုလဲ...!၊ လေး လေးရော ဘာတွေသိထားတာ ရှိလဲ...!''

''ငါလည်း အပြင်မှာ မြင်တောင် မမြင်ဖူးသေးဘူး၊ နေဦးကွ... အရေးကြီးတာ ငါမေ့နေတယ်...ပါတောင်ပါရဲ့ လား မသိဘူး''

ဖေညွန့်ဟန်က သူ့ပိုက်ဆံအိတ်ကြီးထဲ လှန်လှောရှာသည် ။

''အိုကေ...ပါတယ်...ရော့၊ အဲ့ဒီကောင်မလေးပဲ၊ ငါလည်း ဓာတ်ပုံပဲ မြင်ဖူးတာ''

သူ ယူကြည့်လိုက်မိသည် ။ ထင်မှတ်မထားလောက်အောင် လှနေသောကြောင့် ဓာတ်ပုံကို ခဏခဏ စူးစိုက်ကြည့်နေမိသည် ။ မြန်မာမနှင့် မတူဘဲ ကိုးရိုးယားမင်းသမီးတစ်လက်နှင့် ဆင်ဆင်တူနေသည် ။ ဆံပင် အရောင်က မဟော်ဂနီရောင် လက်ပြောင်နေပြီး ခါးဆစ်ကျော်ကျော် ကျနေလေသည် ။ ကိုယ်လုံးအလှပေါ်အောင် ဓာတ်ပုံဆရာက ပညာကုန် ပြထားသည် ။ အထူးသဖြင့် သူ့ကို ညို့ယူဆွဲဆောင်နေသော မျက်နှာနှုန်းပေါ်က မျက်ဝန်းများ ။ ငါ ဒီမျက်လုံးတွေရှေ့မှာ ညာရမှာ ပါလား ဆိုသော အသိက ဒိတ်ကနဲ ရင်ထဲ ဝင်ဆောင့်သည် ။ သူ ဓာတ်ပုံကို မှောက်၍ စားပွဲပေါ် ချလိုက်၏။ ဒါ...ရင်ခုန်တာ မဟုတ်လောက်ပါဘူးဟု သူ့စိတ် သူ ဆင်ခြေပေးရင်း ဘီယာခွက်ဆီ လက်လှမ်းသည် ။

''ဘယ်လိုလဲ ငါ့တူ၊ မင်း... စိတ်ဝင်စားသွားတယ် မဟုတ်လား!''

''လှတာတော့ တော်တော်လှတာပဲ၊ ဓာတ်ပုံဆရာ တော်တာလည်း ဖြစ်နိုင်ပါတယ်၊ ကျွန်တော်က...ငြိအောင် ဝင်လုပ်ရတဲ့ အကြောင်းရင်းတော့ သိချင်တယ် လေးလေးရာ''

''အေး...ငါပြောမယ်...အဲ့ဒီကောင်မလေးက တစ်နေရာမှာ ရည်းစားမထားပါဘူးလို့ ကတိအကြိုးကြီး ပေးထားတယ်၊ အဲ့ဒါကို စမ်းသပ် တယ်လို့ ပဲ မှတ်ထားလိုက်...''

ဘီယာနောက်တစ်ဂျား ထပ်မှာ သည် ။

သူ ရင်တွေ ဆူဝေစ ပြုလာသဖြင့် လေးလေး၏ ဝီစကီပုလင်းကို လှ

မ်းကြည့်ရင်း ပုလင်းဘေးက ဓာတ်ပုံလေးကို ဆွဲလှန်လိုက်မိသည် ။ ကောင်မလေးသည် စားပွဲပေါ် အပြား လိုက်လေး သူ့ကို လှမ်းညို့နေသည် ။

''သူနာမည်က ဘယ်သူတဲ့ လဲ လေးလေး!''

''မိုးပွင့်တဲ့ ...နက်ဖြန်နေ့လယ်ပိုင်း မင်းကို ငါလာခေါ်မယ်''

''မိုးပွင့်''

သူ့ပါးစပ်က တစ်ခွန်းရွတ်ကြည့်လိုက်သည် ။ စိတ်ထဲကတော့ အထပ်ထပ် ဆက်ရွတ်မိလျက်သား ဖြစ်ရသည် ။ သူ ဝီစကီပုလင်းဆီ လက်လှမ်းလိုက်မိသည် ။ ဘီယာထက် အနည်းငယ် ပိုသော မူးရိပ်ရိပ် အရသာကို အလိုလို တောင့်တ,လာသည် လေ။

အနံ့ထွက်တာချင်း အတူတူပါပဲဟု စိတ်တွင်း တစ်နေရာက ထောက်ခံမဲ ပေးနေသည် ။ ရုပ်မပျက်ရင် ပြီးတာပဲ...။ မူးမယ်ကွာ။ မူးတော့ကောဘာဖြစ်တာမှတ်လို့ ။။

*



မျက်နှာပုံစံ



- လောဘ.....မျက်နှာပုံး
  ဒေါသ.....မျက်နှာပုံး
  ဓမ္မာဟ.....မျက်နှာပုံး
  မာန.....မျက်နှာပုံး
  ဖြောက်တဲ့.....မျက်နှာပုံး
  ကြောက်တဲ့.....မျက်နှာပုံး
  ရှုံးတဲ့.....မျက်နှာပုံး
  မုန်းတဲ့.....မျက်နှာပုံး
  ချစ်တဲ့.....မျက်နှာပုံး
  ပစ်တဲ့.....မျက်နှာပုံး
  အားလုံး အလကားရပါတယ်။



- သင့်ရဲ့မျက်နှာ
  သင့်ရဲ့ဥပစာမှာ
  အကောင်းဆုံးမျက်နှာပုံး
  အပြီးဖြစ်သင့်တယ်။



- သတ္တဝါဝေနေယျအားလုံး
  လူသာ အမြတ်ဆုံးလေ
  လူပဲ ပြီးတတ်တယ်။

အခန်း(သုံး)

ဟာ...အဲ့ဒီအလုပ်မျိုး ရရင်...ငါသဘော်မလိုက် တော့ဘူး၊ တစ်သက်လုံး လုပ်မယ်ကွာ...နေ့တွက်မပေးလည်း လုပ်မယ်''

ကိုတာတီးက နှစ်ထောင်းအားရ ဝမ်းခေါင်းသံကြီးနှင့် ထအော်သည်။

''ဟေ့လူကြီး...တိုးတိုးလုပ်ပါဗျ၊ ဒါ ဂုဏ်ယူစရာအလုပ်မှ မဟုတ်တာ''

''ဟေ့ကောင်လေး...မင်းမလုပ်ချင်ရင် အချိန်မရွေး ငါလုပ်မယ်၊ မင်းရဲ့ ဘော်ဒါအနေနဲ့ ငှါကိုပါ ခေါ်ကွာ...နော်...နော်...ငါ စိတ်ဝင်စားလွန်းလို့ ပါ...မင်းက...ကောင်မလေးဓာတ်ပုံ ဘာလို့ ယူမလာတာလဲကွာ!''

''ခင်ဗျားတို့ ကို မပြချင်လို့ ပေါ့ဗျာ''

''မရဘူး...မင်းအိမ်အထိ လိုက်ကြည့်မယ်၊ ဒါ ဒိုင်လျှိုရမယ့်ကိစ္စမှ မဟုတ်တာကွာ''

သူက မုန့်ဟင်းခါး စားနေသောကြောင့် လာချပေးသော မစ်ရှယ် ကို ကိုတာတီးက ဂရုတစိုက် ဖောက်၍ လောင်းထည့်ပြီး သေသေချာချာကို မွှေပေးပြီးမှ သူ့ဘက်သို့ ရိုရိုသေသေ တွန်းပို့သည်။

တမင်ရိုကျိုးနေသောဟန်ကို ဖမ်းထားသည်။ ဝမ်းတစ်ထွာ ရောက်လာသည်။ ဝင်မထိုင်သေးဘဲ ပခုံးလေး ကျုံ့ပြီး လက်နှစ်ဘက် ပေါင်ကြားထဲ ချ၍ ခါးလေး ကိုင်းထားသော ကိုတာတီးကို အသေအချာကြည့်ပြီး...

''ဘယ်လိုဖြစ်နေတာလဲ...ခင်ဗျား ဂိုက်စပေါက်က ဘိုးတော်ဆီက ဂ ဏာန်းတောင်းနေတဲ့ နတ်ကတော်ကြီးလိုပဲ''

''ဟေ့ကောင်...မင်းလည်း ဒီဝိုင်းဝင်ထိုင်ရင် ဟောဒီဘိုးတော် လေး ကို ငါလိုပဲ ရိုရိုသေသေ ဆက်ဆံ၊ ဂဏာန်းထက် တန်ဖိုးကြီးတာတွေ ချ ပေးတော့မှာ ...''

''ဟုတ်ကဲ့...ခင်ဗျာ၊ စားပါသောက်ပါ...ပူဇော်ထိုက်လို့ ပူဇော်ပါတယ်၊ ပျောက်နေတဲ့ နွားလည်း ရှာပေးပါ ကိုယ်တော်ကြီးရယ်၊ တင်ပါတယ်၊ မြှောက်ပါတယ်၊ ကြောက်လည်း ကြောက်ပါတယ်၊ ကဲ... အကျိုးအကြော င်းလေးတော့ လင်းကြပါဦးဗျာတို့ ...ထမင်းကြော်တစ်ပွဲ ပေး စံဖဲရေ၊ ကြ က်ဥဟတ်ဖရိုင်၊ ကြက်သားအရည်ဆမ်းမယ်၊ ကျဆိမ့်မချန့် ဦး...အေးကု နိမယ်...ထမင်းကြော် ကုန်ခါနီးမှ ...ချ''

''ဟေ့ကောင်လေး ဝမ်းတစ်ထွာအောင်မျိုး...ပန်းထွေးကို ဦးဖယ်ပြီးမှ စားခွင့်ရမှာ နော်...သူက...မင်းတို့လို ၁၀၉၊ ၁၁၀ မဟုတ် တော့ဘူးကွ၊ တစ်နေ့တစ်သောင်း စားပြီးသောက်ပြီး စားရိတ်ငြိမ်း... ဆိုတော့ တစ်လ သုံးသိန်းရမယ့် အရာရှိပေါက်စ ဖြစ်သွားပြီကွ...''

''ဟုတ်လား...ဘာအလုပ်လဲဗျ!''

''အဲယားကွန်းအခန်း၊ ခြင်ဆန်ခါ တပ်ထားတဲ့ အခန်းမှာ နေ့တိုင်း ဇိ မ်သွားခံရမှာ ဝမ်းတစ်ထွာရေ့၊ မင်းတို့ သွားရည်တမြားမြား ဖြစ်လော က် တယ်၊ သြော်...ရှေးဘုန်းရှေးကံ ပါသူများ ...တယ်အားကျလောက် တာ ပဲ''

''ရှင်းရှင်းလင်းလင်း ပြောစမ်းပါ မောင်မောင်တာရာ...ဘာ တွေလုပ် ရတာလဲ!''

ကိုတာတီးက မစားရဝခမန်း အားပါးတရ ပြန်ပြောပြသည် ။ မှုန်လေးနှင့် တောင်ဆိတ်ရောက်လာကြပြန်သည် ။ နောက်တစ်ကျော့ ထပ်ရှင်းရပြန်သည် ။ ကြောင်ရောက်လာသည် ။ ထပ်ကျော့ရပြန်သည် ။ နောက်ဆုံးရောက်လာသူက ဘောက်ဖတ်။

''ငါမောနေပြီကွာ...ဘုန်းရှင်ကံရှင်လေးအကြောင်း... တောင်ဆိတ် မင်းရှင်းပြလိုက်ပေတော့၊ ရေလေး တစ်ခွက်လောက် လုပ်ကြ ပါ''

တောင်ဆိတ်ကလည်း သူကိုယ်တိုင်ပင် ထိုအလုပ်ကို လက်ခံထားသူလို ပြောရင်း အားတွေ ပါနေ၏။ နောက်ဆုံးမှတ်ချက်က...

''ဘာအရင်းမှ မစိုက်ဘဲ စုန်ရေထဲ...လှေထိုးလိုက်ရသလိုပဲ ကွာ''

ထိုစဉ် တီးလုံးသံစဉ်လေး မြည်သွားပြီး...

''ဖုန်းလာနေတယ်...ဘယ်သူဆီကလဲ...!''

အိတ်ကပ်ထဲက ဟမ်းဖုန်းကို သူခုမှ ပင် ထုတ်ယူနားထောင်လိုက်သည် ။

''ဟဲလို...ပန်းထွေးပါ''

''လေးလေးပါကွ...ငါ အခု မင်းဆီကို လာနေပြီ၊ စောစောပဲ အလုပ်စလိုက်ရအောင်၊ နေ့ခင်း ခြံတစ်ခြံ ကြည့်စရာ ရှိနေလို့ ''

''ဟုတ်ကဲ့...ကျွန်တော်လည်း အဆင်သင့်ပါပဲ လေးလေး၊ အိမ် ကို မသွားနဲ့ ၊ လမ်းထိပ်က ပိတောက်ဝါကဖီးမှာ ကျွန်တော် စောင့်နေမယ်''

''အေး...နောက်ဆယ်မိနစ်ဆို ငါရောက်လာမယ်''

''ဟုတ်ကဲ့...''

ဖုန်းပိတ်လိုက်သော သူ့ကို အားလုံးက ဝိုင်းရှုနေကြသည် ။ အထင်

တကြီးဟန်တွေနှင့် ...

''ချက်ချင်းကို ပြောင်းလဲတိုးတက်သွားပုံကို မျက်ဝါးထင်ထင် မြင်တော်မူကြတဲ့ အတိုင်းပါပဲ၊ အားကျစေချင်လွန်းလို့ ပါ...''

''မင်းကို အပိုင်ပေးတာလား ပန်းထွေး!''

''ခဏပေးထားတာ နေမှာ ပေါ့၊ လုပ်ငန်းသုံးသဘောပါဗျာ၊ ခြေချုပ်တဲ့ ကိစ္စကြီးပါ...အချိန်မရွေး ဖမ်းမိအောင်...''

သူ တစ်ဝိုင်းလုံး ရှင်းလိုက်၏။ ကိုတာတီးက...

''ဒီလောက်နဲ့ မရဘူး ပန်းထွေး...ဒါ စတိသဘောပဲနော်''

''အေးပါဗျာ...လုပ်ပေးရမှာ ပေါ့''

မကြာခင် လေးလေးဖေညွန့်ဟန် အိကနဲ ရောက်လာ၏။ သူ အားလုံးကို နှုတ်ဆက်လိုက်စဉ်၊ ဘောက်ဖတ်က စည်တော်ယွန်းသံ ဖြစ်သော...

''အောင်...ပါ...စေ...ဟော...ဟော...''

ဟူ၍ စိန်အောင်မင်းအသံနှင့် ညှစ်အော်ရင်း ကျန်ခဲ့ကြလေသည် ။ လေးလေးက ကားမောင်းရင်း...

''မင်းက...သူအထင်ကြီးအောင် ပြောဆိုနေထိုင်ပြုမူရမှာ နော်...မင်းကိုယ်မင်း သဘော်တက်တော့မယ်တို့ (Show Job) တက်တော့မယ်ဆိုတာမျိုး ပြောထား...ငွေကိုလည်း ဖောဖောသီသီသာ သုံး...နောက်နေ့တွေ မင်းလိုချင်တဲ့ အဝတ်အစားတွေ လေးလေး လိုက်ဝယ်ပေးဦးမယ်...တစ်ဦးတည်းသော သူဌေးသားဂိုက် ဖမ်းထား... ပြီးတော့ လက်ဆောင်ပေးတာတို့ ဘာတို့ မိန်းမတိုင်း သဘောကျတတ်တယ်၊ ခဏခဏသာ လ

က်ဆောင်ပေး၊ သူဘာကြိုက်တတ်သလဲဆိုတာလည်း ... မသိမသာ မေးမြန်းထား၊ ဘာလိုအပ်နေသလဲ ဆိုတာလည်း အကဲခတ်ထား...''

သူဘာမှ ပြန်မပြောဘဲ လေကာမှန်ထဲက မြင်ကွင်းတွေကိုသာ စိုက်ကြည့်ရင်း...ဘာတွေဖြစ်လာမလဲဆိုသော သူ့ဘဝ၏ အနာဂတ်ပုံရိပ်တွေ ကိုသာ တွေးတောလာသည် ။ ကားကူရှင်ပေါ်က သူ့ကိုယ်သူလည်း မလုံမလဲ ငုံ့ငုံ့ကြည့်လာမိသည် ။

''ဒီနေ့တော့...ငါလည်း အကဲခတ်ချင်လို့ မင်းနဲ့ အတူ လိုက်ပြီး ဆံပင်ညှပ်မယ်...ခေါင်းလျှော်မယ်...အဲ...နောက်နေ့တွေ ငါမအားရင် နံပါတ်အနက် ကားတစ်စင်း စီစဉ်ပေးမယ်...မင်း ယာဉ်မောင်း လိုင်စင်ရှိတယ်နော်''

''ဟုတ်ကဲ့...ရှိပါတယ်...''

''အေး...ကောင်းတယ်...ဒါနဲ့ ...မင်း ရည်းစားရှိလား!''

''ဟင့်အင်း''

''ထားကော ထားဖူးလား!''

''စတိတ်မှာ တုန်းကတော့ ထားဖူးတယ်၊ ဘာရယ်မဟုတ်ပါဘူး၊ ကျောင်းအတူပြေး...ရုပ်ရှင်ကြည့်...ပန်းခြံထဲ သွားထိုင်...အဲ့ လောက်ပါပဲ''

''တက္ကသိုလ်ကျတော့ရော''

''ကျောင်းမှာ ကင်မယ်စတြီက ကွင်းလေးကိုတော့...ကျွန်တော် တော်တော်ကြိုက်ဖူးတယ်၊ သူက...အရမ်းချမ်းသာတယ်လေ... ကိုယ်ပိုင်ကားမောင်းပြီး ကျောင်းတက်တဲ့ အဆင့်ဆိုတော့...ပန်းထွေးလို ကောင်မပြောနဲ့ ...အိမ်က ကားနဲ့ လိုက်ပို့တဲ့ ဘောက်ဖတ်လို သူဌေးသားတောင်

အနားမကပ်ရဲဘူး၊ မျက်နှာကလည်း တင်းနေတာကိုး...ဟင်း ဟင်း...ဖြစ်ချင်တော့ ကျောင်းပြီးတဲ့ အထိ အဲ့ဒီ Queen လေး ရည်းစား သနာရမသွားရှာဘူး''

ကားတစ်စင်းကို ကျော်တက်ပြီး ယာဉ်ကြောထဲ ပြန်ရောက်မှ လေးလေး စကားဆက်သည် ။

''အဲ့ဒါပဲ ငါ့တူ၊ တစ်ချို့မိန်းမလှလေးတွေဟာ...အလကားရတဲ့ အပြုံးကို သူတို့ မျက်နှာမှာ ချိတ်ဖို့ မေ့နေတတ်ကြတယ်...မင်းစဉ်းစား ကြည့်...ပြုံးနေရင် တော်ရုံတန်ရုံ လှတဲ့ မိန်းကလေးတောင် ချစ်ခင်စရာလေး ဖြစ်သွားတတ်တာ ဓမ္မတာပဲလေ...သတ္တဝါ ဝေနေယျတွေထဲမှာ .. ပြုံးတတ်၊ ရယ်မောတတ်တာ...လူပဲ ရှိတယ်...လူရဲ့ ဥပစာဟာ မျက်နှာပဲ...မျက်နှာမှာ အကောင်းဆုံး၊ သူများ တကာ အနှစ်သက်ဆုံး ဖော်ပြနိုင်တာလည်း အပြုံးပဲ...အဲ့ဒီဓာတုဘုရင်မလေး မျက်နှာတင်းထားတဲ့ အတွက် ရည်းစားရမသွားတာ...သူ့ဥပစာအပြုံးကို ရှေ့တန်းတင် ထုတ်မပြသွားနိုင်လို့ ပဲကွ...မှတ်ထား''

ပန်းထွေး ဓာတ်ပုံထဲက မိုးပွင့် ဆိုသောမိန်းမလှ၏ အပြုံးကို ရိပ်ခနဲ ပြန်မြင်လာ၏။ အင်း...ဓာတ်ပုံထဲက အပြုံးကတော့ တော်တော်ဆွဲဆောင်နိုင်တာပဲ...

''ငါ အထူးသတိပေးချင်တာ ရှိတယ် ငါ့တူ''

''ဘာပါလိမ့် လေးလေး''

''အခုကိစ္စဟာ မင်းအလုပ်တစ်ခု လုပ်နေတယ်ဆိုတာကို လုံးဝ မမေ့ဖို့ ပါ...မင်းစိတ်ပါလက်ပါ ဖြစ်မသွားဖို့ သိပ်အရေးကြီးတယ်... ကောင်မလေးကို မင်း တန်းတန်းစွဲ ဖြစ်သွားရင် ငါနဲ့ ထိပ်တိုက်တွေ့မှာ က မင်း အန်တီထွေးပဲ...မမကိုတော့ ငါက ငယ်ကြောက်ကွ...''

''စိတ်ချ လေးလေး...ကျွန်တော် ဘယ်တော့မှ ကျွံမဝင်ဘူး၊ ကျွန်တော်ဟာ နေချင်သလို နေတတ်ပေမယ့် ချစ်ခြင်းမေတ္တာတရားကိုတော့ အလေးအနက် တန်ဖိုးထားတတ်ပါတယ်၊ ပေါ့ပေါ့တန်တန်နဲ့ နီးစပ်လို့ ဖြစ်သွားတာဟာ ယောကျ်ားကောင်းတွေရဲ့ ချစ်ခြင်းမေတ္တာ မဟုတ်ပါဘူး''

''အေး...ဟုတ်တယ်၊ ငါ့အလုပ်ထဲက ကောင်လေးတွေကို ဒီအလုပ် အချိန်မရွေး ခိုင်းလို့ ရပါတယ်၊ မင်းကို ရွေးချယ်တာက... မင်းဟာ...စိတ်ဓာတ်ခိုင်မာတယ်၊ သနားလွယ်သူ၊ အညာလွယ်သူ မဟုတ်တဲ့ အပြင် မိန်းမလှ မြင်ရင် ငမ်းငမ်းတက် မဟုတ်တာ ငါသိနေလို့ ပဲ၊ ဟော...ရောက်ပြီ''

ကုန်စျေးတန်းလမ်း တစ်နေရာ၌ ကားရပ်ရန် နေရာလွတ်တစ်ခုတွင် ကားထိုးရပ်လိုက်ကြသည် ။ ကားထဲမှ လှမ်းမြင်နေရသော ပထမထပ်ရှိ ဆိုင်းဘုတ်ကို လေးလေးက လက်ညှိုးထိုးပြရင်း...

''ဟိုးက ဆိုင်းဘုတ်ပဲ၊ MOMENT HEAVEN တဲ့ ''

''နာမည်က တော်တော်မိုက်တယ်''

''ကောင်တာမှာ ဘယ်သူနဲ့ ပြင်မယ်ဆိုတာ တန်းပြောလို့ ရတယ် တဲ့ ၊ မင်းက မိုးပွင့်လို့ ပဲ ပြောလိုက်...ငါကတော့ ကြည့်ကျက် စခန်းသွား မယ်''

''လေးလေးက ဘာလုပ်မယ် စိတ်ကူးလဲ...!''

''ငါက ဆံပင်အနက် ထပ်ဆိုးမယ်...မျက်နှာဆေးမယ်၊ လက်သည်း ခြေသည်း ညှပ်မယ်''

''ကျွန်တော် ဘာလုပ်ရင် ကောင်းမလဲ!''

''မင်းလည်း မဟော်ဂနီရောင် နည်းနည်းရှိတ်တင်ပေါ့ကွ၊ မျက်နှာဆေးပေါ့၊ ပေါင်းတင်ပေါ့၊ မင်းဆံပင်က ညှပ်ထားတာ မကြာသေးတော့ နောက်တစ်ပတ်ကျမှ ညှပ်...အရေးကြီးတာက မင်း တမင်လာလုပ်နေတာကို ကောင်မလေး မရိပ်မိဖို့ ပဲ...ဒီနေ့ဟာ ပထမနေ့ဆိုတော့ ဘာ စကားမှ မပြောဘဲ Simple ပုံစံနဲ့ ဝင်ရင် ပိုကောင်းတယ်...လာ... သွားမယ်
''

''ကလစ်..ဂျိတ်''

''ကလစ်..ဂျိတ်''

ဤသို့ဖြင့်...

MOMENT HEAVEN ဆီသို့ ဘာစျာန်၊ ဘာမဂ်၊ ဘာဖိုလ်မှ မပါဘဲ ရိုးရိုးလေခါးမှ ပင် တူဝရိုးနှစ်ယောက် ရိုးရိုးခြေထောက်နှင့် တက်ခဲ့ကြလေသည် ။

*